ယခုစာအုပ်သည် ၂၀၁၈ ခုနှစ်တွင်ပြုလုပ်သော သုတေသနမှတ်တမ်းစာအုပ်ဖြစ်သည်။ သုတေသနအဖွဲ့တွင် အမျိုးသမီး ၁၃ ဦးပါဝင်လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။ သူမတို့အားလုံးသည် နေရာဒေသ၊ လူမျိုး၊ နောက်ခံလူမှုဘဝ အခြေအနေတို့ မတူကွဲပြားစေကာမူ တူညီမှုများစွာရှိသည်ကိုလည်း ဖော်ထုတ်နိုင်ခဲ့ကြသည်။ ထိုအထဲမှ တူညီမှုတစ်ခုမှာ ယုံကြည်ချက်အကျဉ်းသားများ ဖြစ်ခဲ့ကြခြင်းပင်ဖြစ်သည်။ အာဏာရှင်စစ်အစိုးရ၏ လူမဆန်စွာ ညှဉ်းပန်းနှိပ်စက်မှုများကို နည်းမျိုးစုံသုံး ရင်ဆိုင်ကျော်လွှားခဲ့ကြပြီး ရှင်သန်ရပ်တည်နေနိုင်ကြသူများဖြစ်ကြပါသည်။ ထို့အပြင် အမှန်တရားနှင့် တရားမျှတမှုအတွက် အကြမ်းဖက်မှုများရပ်တန့်ဖို့ အရှည်တည်တံ့ခိုင်မြဲသည့် ဖွံ့ဖြိုးတိုးတက်မှုများကို ယူဆောင်လာသော ပြစ်ဒဏ်မှကင်းလွတ်ခြင်းအစဉ်အလာ (Impunity Culture) ကို ဖယ်ရှားနိုင်သော ငြိမ်းချမ်းသည့် လူ့ဘောင်ဖြစ်လာရေး အတူကျော်လွှားကြမည့်သူများလည်းဖြစ်သည်။



၁၉၈၈ မှ ၂၀၁၈ ခုနှစ်အတွင်း ဖြတ်သန်းခဲ့ကြရသော နှစ် ၃၀ ခရီးအတွင်း အမျိုးသမီးတို့၏ နိုင်ငံရေးအခန်းကဏ္ဍသည်ကား မဖြောင့်ဖြူးလှပါ။ ထို့ကြောင့် သူမတို့အသီးသီးသည် အပြန်အလှန်ဖေးမရင်း ကူညီရင်း၊ စိတ်ခွန်အားပေးရင်းဖြင့် ယုံကြည်ချက်အတွက် ရှင်သန်နေကြအုန်းမည့် ညီအမများဖြစ်ကြပါသည်။ အတူတကွပူးပေါင်းဆောင်ရွက်သော သုတေသနလုပ်ငန်းသည် မှတ်တမ်းတင်ရုံ နည်းနာတခုတည်းမဟုတ်ဘဲ စိတ်ဒဏ်ရာလျော့ချခြင်း နည်းနာများလည်း ပါဝင်ပေါင်းစပ်ထားသည်။

asia justice and rights

Vimutti Women Organization (VWO)

Vimutti Women Organization (VWO)



# ပျောက်ဆုံးနေသော အမှန်တရားနှင့် တရားမျှတမှုတို့အတွက်

# ပေးဆပ်သူတို့မှတ်တမ်းများ (၂)

နိုင်ငံရေးအကျဉ်းသားဟောင်း(အမျိုးသမီးများ)၏

ယုံကြည်ချက်ဖြင့်ဖြတ်သန်းခဲ့သောကာလအတွေ့အကြုံ နှင့် လူမှုဘဝမှတ်တမ်း

# ပျောက်ဆုံးနေသော အမှန်တရားနှင့်တရားမျှတမှုတို့အတွက် ပေးဆပ်သူတို့ မှတ်တမ်းများ (၂)

နိုင်ငံရေးအကျဉ်းသားဟောင်း(အမျိုးသမီးများ)၏ ယုံကြည်ချက်ဖြင့်ဖြတ်သန်းခဲ့သော
ကာလအတွေ့အကြုံနှင့် လူမှုဘဝမှတ်တမ်း

Vimutti Women Organization (VWO)

asia justice and rights

စိမံကိန်းတွင်းအသုံးပြုရန် အခမဲ့ထုတ်ဝေသည်။

# ပုံနှိပ်မှတ်တမ်း


**Title** : **ပျောက်ဆုံးနေသော အမှန်တရားနှင့်တရားမျှတမှုတို့အတွက် ပေးဆပ်သူတို့ မှတ်တမ်းများ (၂)**

**Edition** : First, December 2018
**Text by** : ဝိမုတ္တိအမျိုးသမီးအဖွဲ့ (Vimutti Women Organization)
**Photography** : Research team
**Cover photo** : PAR Record
**Location:** Myanmar
**Design**: Moe Z Dzai
**Book size**: 20 x 27 cm

ဝိမုတ္တိအမျိုးသမီးအဖွဲ့ (VWO) နှင့် နိုင်ငံရေးအကျဉ်းသားဟောင်း(အမျိုးသမီးများ) နှင့် မိသားစုဝင် (အမျိုးသမီးများ) လူမှုကွန်ရက်

Vimutti Women Organization (VWO)

# အမှာစာ

ဝိမုတ္တိအမျိုးသမီးအဖွဲ့သည် အတူတကွပူးပေါင်းဆောင်ရွက်သော သုတေသန (Participatory Action Research) အား ပထမအကြိမ်အဖြစ် ၂၀၁၅ ခုနှစ်က တစ်ကြိမ်လုပ်ဆောင်ခဲ့ပြီး ``ပျောက်ဆုံးနေသော အမှန်တရား နှင့် တရားမျှတမှုတို့အတွက် ပေးဆပ်သူတို့မှတ်တမ်းများ'' စာအုပ်ကို ထုတ်ဝေခဲ့သည်။ ဒုတိယအကြိမ်အဖြစ် ၂၀၁၆-၂၀၁၇ တွင် AJAR အဖွဲ့နှင့် အတူပူးပေါင်းလုပ်ဆောင်ခဲ့ပြီး ``ငြိမ်းချမ်းရေးအတွက် အမှန်တရားကို ဖွင့်ဟခြင်း'' စာအုပ်ကို ပူးပေါင်းထုတ်ဝေခဲ့သည်။ သုတေသနလုပ်ငန်းသည် အကြမ်းဖက်မှုမှ အသက်ရှင်လွတ်မြောက်လာသူ အမျိုးသမီးများအတွက် အသိအမြင်နှင့် လှုပ်ရှားဆောင်ရွက်မှုဆိုင်ရာ လမ်းညွှန်ချက် နည်းနာများအတိုင်း ကြိုးစားလုပ်ဆောင်ထားပါသည်။ အကယ်၍ တစုံတရာ အားနည်းချက်များရှိပါက ဝိမုတ္တိအမျိုးသမီးအဖွဲ့၏ အားနည်းချက်များသာ ဖြစ်ပါသည်။

ယခုစာအုပ်သည် ၂၀၁၈ ခုနှစ်တွင်ပြုလုပ်သော သုတေသနမှတ်တမ်းစာအုပ်ဖြစ်သည်။ သုတေသနအဖွဲ့တွင် အမျိုးသမီး ၁၃ ဦးပါဝင်လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။ သူမတို့အားလုံးသည် နေရာဒေသ၊ လူမျိုး၊ နောက်ခံလူမှုဘဝ အခြေအနေတို့ မတူကွဲပြားစေကာမူ တူညီမှုများစွာ ရှိသည်ကိုလည်း ဖော်ထုတ်နိုင်ခဲ့ကြသည်။

ထိုအထဲမှ တူညီမှုတစ်ခုမှာ ယုံကြည်ချက်အကျဉ်းသားများ ဖြစ်ခဲ့ကြခြင်းပင်ဖြစ်သည်။ အာဏာရှင်စစ်အစိုးရ၏ လူမဆန်စွာ ညှဉ်းပန်းနှိပ်စက်မှုများကို နည်းမျိုးစုံသုံး ရင်ဆိုင်ကျော်လွှားခဲ့ကြပြီး ရှင်သန်ရပ်တည်နေနိုင်ကြသူများဖြစ်ကြပါသည်။ ထို့အပြင် အမှန်တရားနှင့် တရားမျှတမှုအတွက် ပြန်လည်သင့်မြတ်ရေးအတွက် ပြစ်ဒဏ်မှကင်းလွတ်ခြင်းအစဉ်အလာ (Impunity Culture) ကို ဖယ်ရှားပြီး အကြမ်းဖက်မှုများကို ရပ်တန့်နိုင်သော၊ ဖွံ့ဖြိုးတိုးတက်မှုများကို ယူဆောင်လာသော အရှည်တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းသည့်လူ့ဘောင်ဖြစ်လာရေးအတွက် အတူကျော်လွှားကြမည့် သူများလည်းဖြစ်သည်။ ၁၉၈၈ မှ ၂၀၁၈ ခုနှစ်အတွင်း ဖြတ်သန်းခဲ့ကြရသော နှစ် ၃၀ ခရီးအတွင်း အမျိုးသမီးတို့၏ နိုင်ငံရေးအခန်းကဏ္ဍသည်ကား မဖြောင့်ဖြူးလှပါ။ ထို့ကြောင့် သူမတို့အသီးသီးသည်အပြန်အလှန် ဖေးမရင်းကူညီရင်း၊ စိတ်ခွန်အားပေးရင်းဖြင့် ယုံကြည်ချက်အတွက် ရှင်သန်နေကြအုန်းမည့် ညီအမများဖြစ်ကြပါသည်။ အတူတကွပူးပေါင်းဆောင်ရွက်သော သုတေသနလုပ်ငန်းသည် မှတ်တမ်းတင်ရုံ နည်းနာတခုတည်းမဟုတ်ဘဲ စိတ်ဒဏ်ရာလျော့ချခြင်း နည်းနာများလည်း ပါဝင် ပေါင်းစပ်ထားသည်။ အရပ်ဖက်လူ့အဖွဲ့အစည်းတစ်ခုအနေဖြင့် တတ်စွမ်းနိုင်သလောက် ကြိုးပန်းထားခြင်းမျှသာဖြစ်ပါသည်။ အကြောက်တရားဖြင့် အုပ်ချုပ်ခံခဲ့ရသော နိုင်ငံရေး စနစ်ဆိုး ကြောင့် သန်း ၅၀ ကျော်ပြည်သူများမှာ မတူညီသော စိတ်ဒဏ်ရာကိုယ်စီရှိကြသည်ဖြစ်ရာ ပြန်လည်ကုစားရေး နှင့် ပြန်လည်ထူထောင်ရေးသည် ငြိမ်းချမ်းရေးဖြစ်စဉ်အတွက် လှေခါးထစ် များပင်ဖြစ်သည်ဟု ဝိမုတ္တိအမျိုးသမီးအဖွဲ့က လေးနက်စွာယုံကြည်ပါသည်။ အပြောင်းအလဲကာလ တရားမျှတမှုလုပ်ငန်းစဉ်များအား အစိုးရအနေဖြင့် စိတ်ပါလက်ပါ လုပ်ဆောင်မှသာ အဓိပ္ပာယ်ပြည့်ဝသော ပြောင်းလဲမှုနှင့် ပြန်လည်သင့်မြတ်ရေး (Reconcilitation) ဖြစ်ထွန်းလာနိုင်မည်ဖြစ်ကြောင်း အလေးအနက် တိုက်တွန်းအပ်ပါသည်။

■

ဝိမုတ္တိအမျိုးသမီးအဖွဲ့
၂၀၁၈ ခုနှစ်



# မိတ်ဆက်စကား

ပြည်တွင်းငြိမ်းချမ်းရေးမရှိတဲ့ ကျွန်မတို့နိုင်ငံမှာကြီးပြင်းရတဲ့ သူတွေအတွက် 'သားချော့' တေးနဲ့ ကြီးပြင်းရတဲ့ ကလေး ဘယ်နှစ်ယောက်ရှိခဲ့ပါသလဲ။ ပြည်တွင်းငြိမ်းချမ်းရေးဆွေးနွေးပွဲ ရပ်စဲသွားတဲ့အချိန်မှာ မွေးဖွားလာခဲ့တဲ့ ကျွန်မရဲ့ငယ်ဘဝမှာ သားချော့တေးကို နားထောင်ပြီး အရွယ်ရောက် ကြီးပြင်းခဲ့ရတာ မဟုတ်ပါဘူး။

''လူတစ်ယောက်ပေါ်မှာထားတဲ့တန်ဖိုးဟာ သူဖြတ်သန်းနေရတဲ့ ခေတ်ကြီးရဲ့ တာဝန်ကို သူဘယ်လောက် ထမ်းပိုးခဲ့တယ်ဆိုတာနဲ့ တိုင်းတာရမယ်'' ......

''အသိတရား ဘယ်ကလာလဲ လူ့ပတ်ဝန်းကျင်ကလာတယ်''

''လူဆိုတာ ကိုယ့်ကိုယ်ကိုယ် နေရာချတတ်ရတယ် ''

''နိုင်ငံရေးဆိုတာ စုံ-မ ဖွက်တာမဟုတ်ဘူး။ 'စုံ' မဟုတ်ရင် 'မ' ဆိုတာမျိုး မဖြစ်စေရဘူး။ နိုင်ငံရေးဆိုတာ အယူအဆရှိရတယ်''... ဆိုတဲ့ စကားတွေနဲ့ ကြီးပြင်းခဲ့ရတာဖြစ်ပါတယ်။ ဒီစကားတွေဟာ ကျွန်မတို့ဘဝခရီးအတွက် စိတ်ခွန်အားတွေဖြစ်လာခဲ့တယ်။ မောင်းနှင်အားတွေ ဖြစ်ခဲ့ပါတယ်။

ဒီစိတ်ခွန်အားတွေနဲ့ ခေတ်စနစ်ကပေးတဲ့ ခေတ်ဝန်ကို ထမ်းရွက်ခဲ့ကြသူအမျိုးသမီးတွေကို ဝိမုတ္တိအမျိုးသမီး အဖွဲ့ရဲ့ပေးဆပ်သူတို့စကားဝိုင်းမှာ ကျွန်မ မြင်ခဲ့၊ တွေ့ခဲ့၊ ကြားခဲ့ရပါတယ်။ သူတို့ရဲ့ နှလုံးသားအားမာန်တွေဟာ ကျွန်မတို့ဆီကို စီးဆင်းနိုင်ခဲ့ပါတယ်။

ဝိမုတ္တိအမျိုးသမီးအဖွဲ့ကို တည်ထောင်သူ အမှုဆောင်ဒါရိုက်တာ ဒေါ်ခင်မိမိနိုင်က ကိုယ့်ကိုယ်ကိုယ် နေရာချတတ်တဲ့ အမျိုးသမီးပါပဲ။ သူစိတ်ဝင်စားတဲ့ နိုင်ငံရေးကို တစိုက်မတ်မတ်လုပ်ကိုင်တယ်။ သူကျွမ်းကျင်တဲ့ သုတေသန လုပ်ငန်းကို သူသေသေချာချာ စူးစူးစိုက်စိုက် လုပ်ကိုင်ခဲ့တယ်။ ဒါကြောင့်လည်း ဝိမုတ္တိအမျိုးသမီးအဖွဲ့က ကျင်းပတဲ့ ပေးဆပ်သူတို့စကားဝိုင်းမှာပါဝင်ကြတဲ့ အမျိုးသမီးတွေရဲ့အသံ ကမ္ဘာကြီးကြားအောင် လုပ်နိုင်ခဲ့တာဖြစ်ပါတယ်။

အမျိုးသမီးဆိုတာ နိုင်ငံရဲ့ပုံရိပ်ပါ။ ဒီအမျိုးသမီးတွေဖြတ်သန်းနေရတဲ့ ခေတ်စနစ်က လူ့အခွင့်အရေး ဘယ်လောက်ရှိလဲ။ ခွဲခြားဆက်ဆံခံရမှု ဘယ်လောက်ရှိလဲ။ ညှင်းပန်းနှိပ်စက်ခံရမှု ဘယ်လောက်ရှိလဲ။ မေ့လျော့ခံထားရမှု ဘယ်လောက်ရှိလဲ ဆိုတဲ့ မေးခွန်းတွေကို သူတို့က ဒီစာအုပ်ထဲမှာ ဘဝနဲ့ရင်း ဖြေထားပါတယ်။ စစ်ကြောရေး ငရဲစခန်းကပြီးနောက် အကျဉ်းထောင်သံတိုင်တွေနောက်မှာ နှစ်ရှည်အကျဉ်းကျခံနေရတဲ့ အမျိုးသမီးတွေ သူတို့မိသားစုကို စိုးရိမ်စိတ်၊ လွမ်းမောရတဲ့စိတ် ''ဒီအချိန်ဆို ငါ့သား၊ ငါ့သမီး၊ ငါ့မိဘ၊ ငါ့ယောကျ်ား၊ ငါ့ညီအစ်ကိုမောင်နှမ အဆင်မှပြေကြပါ့မလား။ ဘယ်လိုရပ်တည်နေကြမလဲ၊ နေမှ ကောင်းပါ့မလားဆိုတဲ့ သောကစိတ်၊ ညတိုင်း စိတ်ကူးအိပ်မက်နဲ့ မိသားစုဆီ ပြန်ရောက်၊ တန်းပိတ်ကာနီး လူစစ်တယ်ဆိုပြီး လန့်နိုးကြရတဲ့ ချောက်အိပ်မက် တွေကပေးတဲ့ စိတ်ဒဏ်ရာတွေကို သက်သာအောင် ပျောက်ကင်းအောင် လူ့အဖွဲ့အစည်းက ဘယ်လိုဖေးမကူညီ ပြန်လည်ကုစားပေးမလဲဆိုတာကိုလည်း ကျွန်မတို့အားလုံးကို မေးခွန်းထုတ်ထားပါတယ်။

ဒီအမျိုးသမီးတွေရဲ့ စိတ်ဒဏ်ရာကိုဖြေလျှော့ပေးနိုင်ဖို့ ဝိမုတ္တိအမျိုးသမီးအဖွဲ့နဲ့ နိုင်ငံရေးအကျဉ်းသား ကူညီစောင့်ရှောက်ရေးအသင်း (AAPP)တို့ ဝိုင်းဝန်းကူညီပေးနေတာဖြစ်ပါတယ်။ ဒီအမျိုးသမီးတွေရဲ့ ပေးဆပ်မှုကို အသိအမှတ်မပြုဘဲ ပစ်ပယ်ထားမယ်ဆိုရင် ကျွန်မတို့ ဒီနေ့ ဒီအခြေအနေမှာ တစ်စုံတစ်ရာ လွတ်လပ်တယ်ဆိုတဲ့အသိ လိပ်ပြာလုံနိုင်မယ် မထင်ပါဘူး။

စိတ်ဒဏ်ရာဆိုတာ ပြုလုပ်ခံရသူမှာမှ ရှိတာမဟုတ်ပါဘူး။ ပြုလုပ်သူတွေဆီမှာလည်း စိတ်ဒဏ်ရာ ရှိပါတယ်။ ကိုယ်ကျူးလွန်ခဲ့တဲ့အရာကို တရားတယ်လို့ အတင်းအဓမ္မ ဖုံးကွယ်နေရတာကိုက စိတ်ဒဏ်ရာဖြစ်နေလို့ပါပဲ။ ဒါကြောင့်လည်း ဒီစာအုပ်ထဲမှာပါတဲ့ အမျိုးသမီးတွေက စကားဝိုင်းတွေမှာ အမြဲပြောပါတယ်။ ကျူးလွန်သူတွေကို သားစဉ်မြေးဆက် လေးလံတဲ့ဝန်ထုတ်ဝန်ပိုးကြီးကို သယ်ဆောင်မသွားစေချင်ဘူး။ တစ်ဘဝလုံး နာကျင်မှုတွေနဲ့ နေမသွားစေချင်ဘူး။ ခွင့်လွှတ်မှုခံယူနိုင်ဖို့ အခွင့်အရေးပေးနိုင်ပါတယ်လို့ မကြာခဏပြောကြပါတယ်။

ပေးဆပ်သူတို့ စကားဝိုင်းမှာ ပါဝင်ခဲ့ကြတဲ့ အမျိုးသမီးတွေ၊ ပါဝင်ခွင့်မရသေးတဲ့ အမျိုးသမီးတွေ မတူညီတဲ့ဘဝဖြတ်သန်းမှု၊ မတူညီတဲ့အတွေ့အကြုံတွေ ဘယ်လိုပဲရှိရှိ တူညီတဲ့ပန်းတိုင်ကတော့ တရားမျှတမှုဆိုတဲ့ ပန်းတိုင်ပါပဲ။ ပေးဆပ်ခဲ့သူအမျိုးသမီးတွေရဲ့ အသံကို နှလုံးသားနဲ့ နားထောင်ကြည့်လိုက်ပါ။ စုပေါင်းထားတဲ့ အသံတစ်ခု ထွက်လာပါလိမ့်မယ်။ အဲ့ဒီအသံကတော့.......

''တစ်ဦးနဲ့တစ်ဦး ကြင်နာကြပါ။ ခက်ခဲတဲ့ တိုက်ပွဲကို ကျွန်မတို့အားလုံးတိုက်နေကြလို့ပါပဲ'' ...... တဲ့။

ပေးဆပ်သူအမျိုးသမီးတွေကို ဂုဏ်ပြု ဦးညွှတ်လျက်...... ။

■

နှင်းပန်းအိမ်



ကြီးမားသော အပြောင်းအလဲတစ်ခုအတွက် ဒဏ်ရာတွေကို လျစ်လျူရှုရင်း တွန်းခဲ့ ရွှေ့ခဲ့သူများ မျက်ရည်စက်လက်နဲ့ ကန့်လန့်ကာနောက်ကွယ်က ပါရမီဖြည့်ခဲ့သူများ၊ သစ္စာမပျက်ခဲ့တဲ့ လက်တွဲဖော်များကို လေးစားစွာဂါရဝပြုလိုက်ပါတယ်။

ကျမတို့ခြင်းသာ ခံစားနားလည်နိုင်သော ချစ်ခြင်းများနဲ့ ဖေးမကူညီကြရင်း အေးခဲနေတဲ့ နိုင်ငံထဲမှာ နွေးထွေးတဲ့မေတ္တာများနဲ့ လွှမ်းခြုံကြပါစို့။

■

မသီတာ - မုံရွာ

(၁၉၉၆-၂၀၀၂ အင်းစိန်။ သာယာဝတီထောင်)

## ပျောက်ဆုံးနေသော အမှန်တရားနှင့် တရားမျှတမှုတို့အတွက် ပေးဆပ်သူတို့မှတ်တမ်းများ (၂)

နိုင်ငံရေးအကျဉ်းသားဟောင်း(အမျိုးသမီးများ)၏ ယုံကြည်ချက်ဖြင့်ဖြတ်သန်းခဲ့သောကာလအတွေ့အကြုံ နှင့် လူမှုဘဝမှတ်တမ်း

## သုတေသနရည်ရွယ်ချက်

၁) ခေတ်ကာလအဆက်ဆက်က မြန်မာ့ဒီမိုကရေစီဖော်ဆောင်မှုအတွက် ကြိုးပမ်းခဲ့ကြသူများ၏ အတိတ်ကာလ အဖြစ်အပျက်များအား ဖော်ထုတ်မှတ်တမ်းတင်ရန်။

၂) ပျောက်ဆုံးနေသော အမှန်တရားနှင့်တရားမျှတမှုတို့အတွက်လည်းကောင်း၊ ပြန်လည်ကုစားရေးနှင့် ပြန်လည်ထူထောင်ရေးအတွက်လည်းကောင်း
အမျိုးသမီးတို့၏အသံကို မြှင့်တင်ရန်။

၃) အတိတ်ကာလက လူမဆန်စွာ ဆိုးရွားရက်စက်လှသည့် အကြမ်းဖက်မှုများ၊ လူ့အခွင့်အရေးချိုးဖောက်မှုများသည် တရားဥပဒေမှကင်းလွတ်နေသည့်အစဉ်အလာ (Impunity Culture) အားတိုက်ဖျက်သွားရန်။

## သုတေသနနည်း (၇) ခုနှင့်ပတ်သက်ပြီး တွေ့ရှိချက်

### ၁။ ပန်း နှင့် ကျောက်တုံး (Stones and Flowers)

ပန်း နှင့် ကျောက်တုံး နည်းနာအသုံးပြုပြီး အမှန်တရား(truth)၊ တရားမျှတမှု (Justice)၊ ပြန်လည်ကုစားမှု ပြန်လည်ထူထောင်ရေး ရရှိခြင်း (reparation & rehabilitation)၊ အကြမ်းဖက်မှုမှ လွတ်မြောက်မှု ( freedom from violence) စသော အကြောင်းအရာ ၄ ခုကို လေ့လာခဲ့ကြသည်။

ထိုအကြောင်းအခြင်းအရာ (၄) ခုသည် မိမိ၊ မိသားစုနှင့် မိမိနေထိုင်ရာ လူမှုဝန်းကျင်တွင် ဘယ်ကဲ့သို့ဖြစ်ပျက်နေသည်ကို လေ့လာဖော်ထုတ်ခဲ့ခြင်းဖြစ်သည်။ အကူးအပြောင်းကာလ တရားမျှတမှုနှင့်ပတ်သက်၍ ရှင်းလင်းသော နည်းနာတခုဖြစ်သည်။ နိုင်ငံရေးအကျဉ်းသူဟောင်းများအတွက် အမှန်တရားနှင့် တရားမျှတမှုသည် ၄င်းတို့အပေါ် မည်မျှအရေးပါသည်ကို သိမြင်လာရသည့် နည်းနာတစ်ခုဖြစ်သည်။





● **အမှန်တရား(truth)**

သုတေသနတွင် ပူးပေါင်းပါဝင်သူ (၁၀) ဦးတွင် မိမိလုပ်ဆောင်ချက်များအား အမှန်တရားဖြစ်သည်ဟု ၁၀ ယောက်လုံးကပင် လက်ခံထားကြသည်။ အချို့မှာ မိသားစု၏ နားလည်ယုံကြည်မှုအပြည့်အဝရရှိသော်လည်း အချို့မှာ နားလည်မှုရရန် ခက်ခဲလျှက်ပင် ရှိနေသေးသည်။လူမှုအသိုင်းအဝိုင်းအတွင်း အမှန်တရား အား လက်ခံနားလည်မှုများစွာအားနည်းလျှက်ရှိ သည်ကို တွေ့ရသည်။

● **တရားမျှတမှု (Justice)**

အားလုံးသော ဖြေဆိုသူများက တရားမျှတမှု ယနေ့တိုင်မရရှိသေးကြောင်း၊ အထူးသဖြင့် လူမှုအသိုင်းအဝိုင်းအတွင်းမှာပင် ဒီမိုကရေစီအရေးအတွက် အာဏာရှင်ကို တိုက်ထုတ်ခဲ့ကြသူများအား အပြည့်အဝအသိအမှတ်ပြုမှု (acknowledgement) မရခြင်းက လူမှုတရားမျှတမှုကို မခံစားရခြင်း၏ အဓိကအကြောင်းတရားဖြစ်ကြောင်း တွေ့ရှိရသည်။

နိုင်ငံရေးအကျဉ်းသူဟောင်းများသည် ပတ်ဝန်းကျင်၏ ရိုက်ခတ်မှုဒဏ်ကို တုံ့ပြန်ရာမှာ မိမိယုံကြည်ချက်ဖြင့် စိတ်ဓာတ်ခိုင်မာစွာ ရဲရဲဝံ့ဝံ့ ရပ်တည်ခဲ့ကြရသည်ကိုလည်း တွေ့ရသည်။





● ပြန်လည်ကုစားမှု ပြန်လည်ထူထောင်ရေး ရရှိခြင်း(reparation & rehabilitation)

နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း(AAPP) နှင့် ဝိမုတ္တိအမျိုးသမီးအဖွဲ့ထံမှ လူမှုစိတ္တအထောက်အကူပြု အကူအညီအနည်းငယ် ရရှိသည်မှလွဲ၍ ထိရောက်သော ပြန်လည်ကုစားရေး ပြန်လည်ထူထောင်ရေးရရှိခြင်း မရှိသည်ကိုတွေ့ရသည်။

စိတ်ပိုင်းဆိုင်ရာ အကြမ်းဖက်ခံရသကဲ့သို့ ခံစားရကြောင်းတွေ့ရှိရသည်။ လက်ရှိတွင်လည်း တရားဥပဒေစိုးမိုးမှုအားနည်းခြင်းကြောင့် လည်းကောင်း၊ နှစ်ပေါင်း ၅၀ နီးပါး ပညာရေးနိမ့်ပါးခဲ့မှု၏ အသီးအပွင့်များ စွမ်းကုန်ဖူးပွင့်လာကြပြီဖြစ်သောကြောင့် လည်းကောင်း၊ လယ်ယာမြေသိမ်းဆည်းမှုပြဿနာများ ဆက်လက်ဖြစ်ပွားနေခြင်း၊ တိုင်းရင်းသားဒေသများတွင် စစ်ပွဲများ ဆက်လက်ဖြစ်ပေါ်နေခြင်း၊ အမျိုးသမီးများနှင့် ကလေးငယ်များအပေါ် အကြမ်းဖက်မှုမြင့်မားလာနေခြင်း၊ မူးယစ်ဆေးဝါးသုံးစွဲသူများကြောင့် လူမှုဘဝမလုံခြုံတော့ခြင်း စသောအကြောင်းတရားများက အကြမ်းဖက်မှုမှ လွတ်မြောက်ခြင်း မရှိသေးကြောင်းပြဆိုနေသည်။

## ၂။ အချိန်ပြမှတ်တမ်း (Timeline)

အချိန်ပြမှတ်တမ်းပြုလုပ်ရာတွင် ၁၉၈၈ မှ ၂၀၁၈ ခုနှစ်အထိ သတ်မှတ်လုပ်ဆောင်ခဲ့သည်။ နှစ် (၃၀) အတွင်း ပူးပေါင်းပါဝင်သူတို့၏မှတ်တမ်း



● အကြမ်းဖက်မှုမှလွတ်မြောက်မှု (freedom from violence)

သုတေသနတွင် ပါဝင်သူများအားလုံး လိုလိုပင် အကြမ်းဖက်မှုမှ လွတ်မြောက်ခြင်း မရှိသေးကြောင်း ဖြေဆိုသွားကြသည်ကိုတွေ့ရသည်။ အဓိကအကြောင်းတရားများမှာ လူမှုအသိုင်းအဝိုင်းက ခွဲခြားဆက်ဆံခြင်း၊ အသိအမှတ်မပြုခြင်းက

များကို တတ်နိုင်သမျှ ဖော်ထုတ်ခဲ့သည်။ ထိုနည်းနာအရ ဒီမိုကရေစီအသွင်ကူးပြောင်းရေး လှုပ်ရှားဆောင်ရွက်ချက်များသည် မြန်မာပြည်အနှံ့ ဖြစ်ပွားခဲ့ကြောင်း အချိန်ကာလ နေရာသာကွာခြားသော်လည်း ဖြစ်စဉ်များမှာ တဆက် တစပ်တည်းသာ ဖြစ်သည်ကို မှတ်သားရသည်။ ထိုကာလအတွင်း နိုင်ငံနှင့်အဝှန်း အဖြစ်အပျက်များကို မခြုံငုံမိသော်





လည်း ပါဝင်သော ရှင်သန်လွတ်မြောက်သူတို့ နေထိုင်လုပ်ရှားရာဒေသတွင်း အဖြစ်အပျက်များအား မှတ်တမ်းတင်နိုင်ခဲ့သည်။

### ၃။ ခန္ဓာကိုယ်ပြမှတ်တမ်း ( Body Mapping)

ထိုနည်းနာအသုံးပြုခြင်းဖြင့် နိုင်ငံရေးအကျဉ်းသူဟောင်းများ၏ ခက်ခဲကြမ်းတမ်းသော အခြေအနေ အဖြစ်အပျက်တို့ကို မျက်ဝါးထင်ထင်တွေ့ရသကဲ့သို့ ဖော်ထုတ်နိုင်ခဲ့သည်။ စိတ်ဒဏ်ရာ ရုပ်ပိုင်းဆိုင်ရာ ဒဏ်ရာများအားဖြင့် ဘဝအနာဂတ်အား လွှမ်းမိုးထားခံရခြင်းကိုလည်း တွေ့မြင်နိုင်သည်။ အထူးသဖြင့် သုတေသနလေ့လာမှုတလျှောက်တွင်တွေ့ရသော အကြမ်းဖက်မှုပုံစံ (၅) မျိုးအား တတ်နိုင်သမျှပေါ်လွင်အောင် ဖော်ပြထားခဲ့ကြသည်။



၁) စိတ်ပိုင်းဆိုင်ရာကို အကြမ်းဖက်ခြင်း
၂) ရုပ်ပိုင်းဆိုင်ရာကို အကြမ်းဖက်ခြင်း
၃) လူမှုရေးပိုင်းဆိုင်ရာကို အကြမ်းဖက်ခြင်း










၄) နိုင်ငံရေးပိုင်းဆိုင်ရာကို အကြမ်းဖက်ခြင်း
၅) ကျား‌မ မတူကွဲပြားမှုကိုအခြေခံသော အကြမ်းဖက်ခြင်း

လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု ဆိုရာမှာ မဖွယ်မရာ ဆဲရေးတိုင်းထွာခြင်း၊ အမျိုးသမီးများအား အမျိုးသားများက ဖမ်းဆီးခြင်း၊ စစ်ဆေးခြင်း၊ ဒဏ်ပေးခြင်းနှင့် လှောင်ပြောင်သရော်ခြင်း၊ ရိုက်နှက်ခြင်း စသည်တို့သည် အမျိုးသားများကသာ လုပ်ဆောင်သဖြင့် အမျိုးသမီး တစ်ဦးအတွက် ကျား၊ မ မတူကွဲပြားမှု အားအခြေခံ၍ ပြုမူခြင်းကို ဆိုလိုပါသည်။



## ၄။ လူမှုစီးပွားပြမြေပုံ (Livelihood Mapping)

ထိုနည်းနာတွင် မတိုင်မီ၊ နိုင်ငံရေးတွင် ပါဝင် နေစဉ်အတွင်း(ဖမ်းဆီးခံရစဉ်)၊ ထိုဖြစ်စဉ်မှ လွန်မြောက်ပြီးနောက် (before, during the time, after) အချိန်ကာလ ၃ မျိုး၏ အခြေအနေကို ဖော်ထုတ်မှတ်တမ်းတင်ခြင်းအားဖြင့် လူမှုစီးပွားရေးအား မည်၍မည်မျှ အကြမ်းဖက်ခံရသည်၊ ဖိနှိပ်ခံခဲ့ကြရသည်တို့ကို ဖော်ထုတ်နိုင်ခဲ့ပြီး ယနေ့အထိ ပြန်လည်ထူထောင်ရေး မလုပ်နိုင်သေးကြောင်း တွေ့ရှိရသည်။ လူမှုစိတ္တထောက်ကူမှု (psychosocial support) အားဖြင့်သာ အနည်းငယ်လုပ်ဆောင်ခဲ့ကြသဖြင့် ရှင်သန်လွတ်မြောက်သူတို့၏ စိတ်ခွန်အားကိုဖြစ်စေခဲ့သည်ကို တွေ့ရသည်။ သို့သော် လုံလောက်သော ပြန်လည်ကုစားရေးမဟုတ်ပါ။







## ၅။ လူမှုအသိုင်းအဝိုင်းပြမြေပုံ (Community Mapping)

ထိုနည်းနာသည် နိုင်ငံရေးအကျဉ်းသားဟောင်းများ၏ နောက်ခံအဖြစ်အပျက်တို့ကို လေ့လာပြီး အသုံးပြုရန်လိုအပ်သော မြေပုံတို့ကို ထုတ်ပေးခဲ့သည်။ ထိုမြေပုံအားဖြင့် ဖမ်းဆီးထိန်းသိမ်းခံရသူအချို့မှာ နေထိုင်ရာဒေသရှိ အကျဉ်းထောင်များ





တွင် မထားဘဲ တခြားမြို့များရှိ အကျဉ်းထောင်များသို့ ပြောင်းရွှေ့ထားခြင်းသည် ရည်ရွယ်ချက်ရှိရှိ ပြင်ပတွင်ကျန်ရှိသော မိသားစုများကိုပါ ပြစ်ဒဏ်ပေးသကဲ့သို့ သက်ရောက်အောင်လုပ်ဆောင်ခြင်း ဖြစ်သည်။ ထိုလုပ်ရပ်များသည် လူမှုရေးအရ အကြမ်းဖက်မှု များသာဖြစ်ကြောင်း လေ့လာတွေ့ရှိရသည်။







### ၆။ အမှတ်တရသေတ္တာ (Memory box)

အမှတ်တရသေတ္တာနည်းနာအားဖြင့် နိုင်ငံရေးအကျဉ်းသူဟောင်းများသည် အကျဉ်းထောင်ထဲတွင် ဖိနှိပ်မှုအမျိုးမျိုးကို ကြံ့ကြံ့ခံရင်ဆိုင်ရင်း နည်းလမ်းမျိုးစုံသုံးကာ ရှင်သန်ရပ်တည်နိုင်ရန် ကြိုးပမ်းခဲ့ကြရပုံများကို ဖော်ထုတ်နိုင်ခဲ့သည်။












အတိတ်ကအဖြစ်အပျက်များသည်

ထိုအမျိုးသမီးတို့၏ဘဝတွင် များစွာပါဝင်ပတ်သက်နေကြောင်းလည်း တွေ့ရှိနိုင်သည်။ ထို့ကြောင့် အမှန်တရား၊ တရားမျှတမှုတို့ ရရှိခံစားခြင်းမရှိဘဲ အဓိပ္ပာယ်ပြည့်ဝသော ပြန်လည်ကုစားရေး မရရှိသမျှကာလပတ်လုံး ပြောင်းလဲလာသော လူ့အဖွဲ့အစည်းအပေါ် ယုံကြည်မှုတည်ဆောက်ရန်မှာ ခက်ခဲလှကြောင်းတွေ့ရှိရသည်။

## ၇။ အိမ်လည်သွားခြင်း (Home Visit)

အိမ်လည်သွားခြင်းအားဖြင့် မိသားစုဝင်များနှင့်ထိတွေ့ခြင်း၊ ရှင်သန်လွတ်မြောက်သူ၏လူမှုဘဝကို မျက်ဝါးထင်ထင်သိမြင်ခွင့်ရသည်။ မိသားစုအချင်းချင်း ပိုမိုနားလည်မှု အသိအမှတ်ပြုမှုကိုလည်း ရရှိစေခဲ့သည်။ မိသားစုမှတ်တမ်းပုံများနိုင်ငံရေးလှုပ်ရှားမှုဆိုင်ရာ မှတ်တမ်းပုံများကို လေ့လာခွင့်ရခြင်း ဓာတ်ပုံပါအကြောင်းအရာတို့အား ပိုမိုသိရှိခွင့်ရခဲ့သည်။











## သုတေသနမှတ်တမ်းပြပွဲ (Open Space)

သုတေသနမှတ်တမ်းပြပွဲအား ပြုလုပ်ခဲ့ခြင်းဖြင့် လူအများ၏ စိတ်ဝင်စားမှုကို ရရှိခဲ့သည်။ သုတေသနတွင် ပူးပေါင်းပါဝင်ကြသော နိုင်ငံရေးအကျဉ်းသူဟောင်းများကိုယ်တိုင် ပြခန်းများကို ပြင်ဆင်ခြင်း၊ ကိုယ်တိုင် ပရိသတ်တို့အား ရှင်းပြခြင်းတို့သည် ဆန်းသစ်သောအတွေ့အကြုံများကို ရရှိသကဲ့သို့ လာရောက်ကြည့်ရှုသော ပရိသတ်တို့ကလည်း သုတေသန၏ ဆန်းသစ်မှုအား အသိအမှတ်ပြုကြသည်။

အထူးသဖြင့် အပြောင်းအလဲကာလအမှန်တရားနှင့် တရားမျှတမှုအတွက် ထူးခြားသောလုပ်ဆောင်ချက်အဖြစ် စိတ်ဝင်စားမှုရရှိခဲ့ပါသည်။ သုတေသန မှတ်တမ်းပြပွဲအားဖြင့်လည်းကောင်း၊ သုတေသနမှတ်တမ်းပြုလုပ်ခြင်း စာအုပ်ထုတ်ဝေခြင်းအားဖြင့်လည်းကောင်း

နိုင်ငံ၏ ဒီမိုကရေစီအရေး၊ လူ့အခွင့်အရေး၊ ငြိမ်းချမ်းရေးတို့အတွက် ခွန်အားရှိသမျှကြိုးပမ်းခဲ့ကြသော သစ်ခုတ်သမားတို့၏ဘဝကို ပြက်ပြက်ထင်ထင် မှတ်တမ်းတင်နိုင်ခဲ့ပါသည်။

ဝိမုတ္တိအမျိုးသမီးအဖွဲ့က တတ်စွမ်းနိုင်သလောက် ဆောင်ရွက်ခဲ့ခြင်းပင်ဖြစ်သည်။

■









အမှန်တရား
တရားမျှတမှု
ပြန်လည်ကုစားရေး
အကြမ်းဖက်မှုမှ
လွတ်မြောက်ခြင်း


သုတေသန မှတ်တမ်းပြပွဲ
Open Space of Participatory Action Research(PAR)
"Coming Together for Truth, Taking Action for Justice

# ပံ့ပိုးကူညီသူများ၏ စကားသံ





## ဒေါ်ခင်မိမိနိုင် (သုတေသနမှူး)

အတူတကွ ပူးပေါင်းဆောင်ရွက်သော သုတေသနလုပ်ငန်းဖြင့် ဒီမိုကရေစီ ခေတ်ပြောင်းတော်လှန်ရေးမှာ နေရာဒေသစုံက ပုံသဏ္ဌာန်မျိုးစုံနဲ့ သမိုင်းပေးတာဝန်ကျေပွန်ကြသော ညီအမရဲဘော်များအတွက် မှတ်တမ်းတင်ခွင့်ရတာကို ဂုဏ်ယူဝမ်းမြောက်မိပါတယ်။

အညတရရဲဘော်ညီအမများရဲ့ မှတ်တိုင်ကို ကိုယ်စွမ်းရှိသလောက် စိုက်ထူသွားမှာလည်း ဖြစ်ပါတယ်။ ဒီဆောင်ရွက်ချက်အားဖြင့် ပျောက်ဆုံးနေသော အမှန်တရားနှင့် တရားမျှတမှုတို့အတွက် တံခါးများကို တွန်းဖွင့်သွားနိုင်မယ်လို့ ယုံကြည်ပါသည်။



## ဒေါ်ဥမ္မာ (နိုင်/ကျဉ်း) P.A.R ပံ့ပိုးကူညီသူ

ကျွန်မအနေနဲ့ အတူတကွ ပူးပေါင်းဆောင်ရွက်သော သုတေသနလုပ်ငန်းစဉ်မှာ ကူညီပံ့ပိုးသူတစ်ဦးအနေနဲ့ များစွာကျေနပ်အားရ ဂုဏ်ယူမိပါတယ်။

နိုင်ငံရေးအကျဉ်းသူ အမျိုးသမီးများရဲ့ တိမ်မြုတ်ထားတဲ့ စွမ်းရည်များကို ပြန်လည်ထုတ်ဖော်ပြသလာနိုင်သလို စုပေါင်းဆောင်ရွက်မှုအား လည်း ပိုမိုကောင်းမွန်လာတာ တွေ့ရပါတယ်။ အချင်းချင်း မျှဝေခံစားနားလည်မှုနှင့် ဖေးမခွင့် များရကြလို့လည်း စိတ်ဒဏ်ရာများဖြေလျော့ပြီးသား ဖြစ်သွားကြတာ မြင်တွေ့ခဲ့ရလို့ ကျေနပ်မိပါတယ်။ ဒီလုပ်ငန်းစဉ်ကြောင့်ပဲ အသွင်ကူးပြောင်းမှုဆိုင်ရာ တရားမျှတမှု (TJ) လုပ်ငန်းစဉ်များ သဘောတရား များကို လွယ်ကူရှင်းလင်းစွာ သိမြင်လာခဲ့ကြပါတယ်။ ဒါအပြင် လုပ်ငန်းစဉ်ထဲမှာပါတဲ့ ခြားဒေသအသီးသီး က တိုင်းရင်းသားညီအစ်မ အချင်းချင်းဆုံတွေ့ဖို့ စီစဉ်ဆောင်ရွက်ခြင်းကြောင့် ပိုမိုချစ်ခင်ရင်းနှီးမှု ရရှိခဲ့ပြီး အာဃာတများ အထိုက်အလျောက် ချေ ဖျက်နိုင်ခြင်းဟာ အင်မတန်မှ တန်ဖိုးရှိတဲ့အတွက် ကျေနပ်အားရလှပါတယ်။



## စန်းစန်းမော် (ပံ့ပိုးကူညီသူ)

အမျိုးသမီးနိုင်ငံရေးအကျဉ်းသူ လုပ်ဖော်ကိုင်ဖက်၊ ရဲဘော်ရဲဘက်များသည် PAR ပူးပေါင်းဆောင်ရွက်မှုမှ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာဒဏ်ရာများကို ကုစားနိုင်ခဲ့ကြပြီး တိုးတက်ကောင်းမွန်လာသလို ခွန်အားပေးသော ကိစ္စရပ်များနှင့် ကြုံတွေ့ရင်ဆိုင်ရမည့် အခြေအနေများအတွက်လည်း ရုပ်ပိုင်း၊ စိတ်ပိုင်းတည်ငြိမ်စွာဖြင့် ရင်ဆိုင်နိုင်သည့် စိတ်ခွန်အားများလည်း ရရှိခဲ့သည်ဆိုလျှင် မှန်ပါသည်။



# ဒေါ်နှင်းပပ (NLD)

အိုးဘိုထောင်၊ မန္တလေးတိုင်း။

“

ကျွန်မ အခုလက်ရှိလုပ်နေတဲ့ ပါတီကရော၊ အကျဉ်းသားအနေနဲ့ ကျခဲ့တဲ့
အဖွဲ့စည်းတွေကရော ဘယ်ကမှ ထောက်ပံ့မှုကို မရခဲ့ပါဘူး။
ပံ့ပိုးမှုခံချင်လို့ မဟုတ်သော်လည်း နွေးထွေးမှုလောက် ရချင်တာတောင် မရခဲ့ပါဘူး။
... ကျွန်မ နိုင်ငံရေးသက်တမ်းတလျှောက်မှာ
ဝိမုတ္တိအမျိုးသမီးအဖွဲ့လေးတစ်ဖွဲ့ ရှိပေးခဲ့တယ်ဆိုတာကို ပြချင်တာပါ။

”

ဒေါ်နှင်းပပ သည် မန္တလေးတိုင်း အရှေ့တောင်မြို့နယ် (မဟာအောင်မြေ)မှ အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် အဖွဲ့ဝင်ဖြစ်ပါသည်။

၁၉၈၈ အထွေထွေသပိတ်မှစပြီး နိုင်ငံရေးလောကထဲကို ပါဝင်လာသူဖြစ်ပါသည်။ နိုင်ငံရေးကိုနားလည်၍ ပါဝင်ခဲ့ခြင်းမဟုတ်ဘဲ မခံချင်စိတ်တခုကြောင့်သာ ပါဝင်ခဲ့သူဖြစ်ပါသည်။ သူမ နိုင်ငံရေးမှာ ပါဝင်လာခဲ့ပုံကို အခုလိုပြောပြပါတယ် ...

''ကျွန်မက . . . ဗိုလ်ချုပ်ရဲ့ သမီးဖြစ်တဲ့ ဒေါ်အောင်ဆန်းစုကြည်ရဲ့ လူမှုတော်လှန်ရေးမှာ နောက်လိုက်ကောင်းတစ်ယောက်အနေနဲ့ ကျွန်မ ပါဝင်မယ်ဆိုပြီး ပါဝင်ခဲ့တာပါ။''

၁၉၈၉ ကတည်းက မန္တလေးအရှေ့တောင်မြို့နယ် အမျိုးသမီးတာဝန်ခံ(၂) အနေဖြင့် မြို့နယ်နှင့်ချိတ်တွဲပြီး တာဝန်ထမ်းဆောင်ခဲ့သူဖြစ်ပါသည်။ ၁၉၈၈ အတွင်းမှာ စက်တင်ဘာ ၂၇ ရက်နေ့မှ စပြီး NLD ပါတီ ဖွဲ့စည်းပုံနှင့်အညီ တာဝန်ထမ်းဆောင်ခဲ့သည်မှာ ယနေ့အချိန်ထိ ဖြစ်ပါသည်။

ဒေါ်နှင်းပပ သည် အာဏာရှင်စစ်အစိုးရ၏ (၄) ကြိမ်တိုင်တိုင် ဖမ်းဆီးခြင်းကို ခံခဲ့ရသူဖြစ်သည်။ ပထမအကြိမ်အဖြစ် ၁၉၉၆ မှာ ဒေါ်အောင်ဆန်းစုကြည်၏နေအိမ် ခြံထဲ၌ကျင်းပသည့် လွတ်လပ်ရေးနေ့အခမ်းအနားတွင် ပါတီ၏တာဝန်ပေးချက်အရ လူရွှင်တော်ပါပါလေးနှင့် တွဲပြီး အငြိမ့်ကခဲ့ခြင်းကြောင့် ၆-၁-၁၉၉၆ နေ့ ည ၁၂ နာရီတွင် အဖမ်းခံရပြီး ၁၇ ရက်ကြာမှာပြန်လည်လွတ်မြောက်ခဲ့သည်။ ဒုတိယအကြိမ်အဖြစ် ၁၉၉၆ ခုနှစ် ဒေါ်အောင်ဆန်းစုကြည်မွေးနေ့ပွဲသို့ မသွားရောက်နိုင်ရန် အတွက် ၃ ရက်ကြာ ဖမ်းဆီးထိန်းသိမ်းခံခဲ့ရသည်။ တတိယအကြိမ်အဖြစ် ၁၉၉၆ ခုနှစ် ဩဂုတ်လတွင် စာရေးဆရာ ဂျင်းရှပ်ရေးသားသော 'မတရားတဲ့ အာဏာဟူသမျှ တာဝန်အရ ဖီဆန်ကြ' ဟူသော စာအုပ်ကို ဖြန့်ဝေခဲ့သဖြင့် ထောင်ဒဏ် ၅ နှစ် လျှော့ရက်မရှိ ကျခံခဲ့ရသည်။ အမှုတွဲ ၁၉ ယောက် ပါဝင်သည်။ ၂၀၀၁ ခုနှစ်တွင်မှ အကျဉ်းထောင်မှ ပြန်လည်လွတ်မြောက်ခဲ့သည်။ စတုတ္ထအကြိမ် အဖြစ် ၂၀၀၃ စက်တင်ဘာတွင် 'နိုင်ငံလုံးဆိုင်ရာ အလုပ်သမားသမဂ္ဂဖွဲ့စည်းရေး၌' အထက် ဗမာပြည်တာဝန်ခံအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ထို့နောက် ထိုင်းနိုင်ငံရှိ အလုပ်ရုံဆွေးနွေးပွဲသို့ သွားရန်အတွက် ကြိုးစားနေစဉ်မှာပင် ဘူတာရုံတွင် ထပ်မံဖမ်းဆီးခံရသည်။ ထိုစဉ်က ထိုင်းနိုင်ငံတွင် ၆ လခန့် သွားရောက်ကာ ကွန်ပျူတာ ပညာသင်ယူခဲ့သော သားဖြစ်သူကိုပါ အမှုတွဲကာ ဖမ်းဆီးထောင်ချခြင်း ခံခဲ့ရပါသည်။ ဒေါ်နှင်းပပ၏ သားဖြစ်သူမှာ စီးပွားရေးတက္ကသိုလ် ဒုတိယနှစ် တက်မည့်ဆဲဆဲ အသက် ၁၈ နှစ်သာရှိသေးသည့် ကိုအောင်နိုင်သူ ဖြစ်ပါသည်။ ဒုတိယအကြိမ် ထောင်ကျရာတွင် သားဖြစ်သူမှာ လဝက အမှုပါပေါင်း၍ ၁၂ နှစ်၊ ဒေါ်နှင်းပပ က ၇ နှစ် ကျခံခဲ့ရသည်။ ၂၀၀၇ ဇန်နဝါရီတွင် လွတ်ငြိမ်းချမ်းသာရရှိပြီး ပြန်လည်လွတ်မြောက်လာပါသည်။

ဒေါ်နှင်းပပ ၏ သားဖြစ်သူမှာ ထောင်ထဲသို့ ရောက်ရှိချိန်တွင် ပဲဟင်းကို ချဉ်တယ်ဟု ပြောမိသဖြင့် (၃) ရက်ကြာမျှ နှိပ်စက်ခံခဲ့ရသည်။ အဆိုပါ ဒဏ်ရာများကြောင့် အပြင်သို့ ပြန်ရောက်ချိန်တွင် ၄ နှစ်ခန့် ကျန်းမာရေးချွတ်ယွင်းပြီး တရှောင်ရှောင် ဖြစ် ကာ ၂၀၁၅ ခု အောင်နိုင်ရေးမတိုင်ခင် မှာပင် သေဆုံးသွားခဲ့ရရှာသည်။

**အကျဉ်းထောင်မှာ သူမရဲ့သား (ကိုအောင်နိုင်သူ) နှိပ်စက် ခံရပြီး သေရာပါဒဏ်ရာရခဲ့ပုံကို အခုလို ပြောပြလာပါတယ်...**

*''... နဲ့ ... က သူ့ကို ပဲဟင်းလဲမပေးဘဲနဲ့ အပြင်ကို ခေါ်သွားပြီးတော့ရိုက်တယ်။ သုံးရက် ရိုက်တယ်။ ထောင်မှူး ၂ ယောက်ပါတဲ့အပြင်ကို ဒုစရိုက်နဲ့ကျတဲ့သူတွေ ဆေးမှုနဲ့ကျတဲ့သူတွေ၊ မုဒိမ်းမှုနဲ့ကျတဲ့ သူတွေ အကုန်လုံး လေးဘက်လေးတန် တစ်နှစ်သုံးဆိုတာနဲ့ လက်သီးနဲ့ထိုးတယ်။ တုတ်နဲ့ရိုက်။ ခြေနဲ့ဆောင့်ကန်တယ်။ အဲ့နည်းနဲ့ သုံးရက်လုံးရိုက်တယ်။ ... မြေပြင်မှာ ပုံကျနေတဲ့ အချိန်မှာ ... က သူတို့စီးထားတဲ့ စစ်ဖိနပ်နဲ့ မေးကိုကလော်ပြီး ဟိတ်ကောင် အောင်နိုင်သူ မင်း အောင်နိုင်သေးရဲ့လား ဟိတ်ကောင်၊ ဖိုးထောင် ပြောစမ်းကွာ ဘယ်နနှစ်ခံကြိုက်သလဲ...၊ အဲ့လို မေးပြီးတော့မှ ... နဲ့ ... က ရင်ဘက်ကို မြေကြီးထဲမှာ ဆောင့်ကန်တာ။*

*... နောက်ဆုံးအကြိမ် ဆေးရုံရောက်ချိန် အစာအိမ်နဲ့ အူလမ်းကြောင်းကို ပြွန်ထည့်ပြီး တီဗွီနဲ့ စစ်ကြည့်တယ်။ ရင်ဘတ်မှာ ဒဏ်ရာမဲမဲအကွက်ကြီး တွေ့တယ်။ အဲ့အကွက်ကြီးကြောင့် အသက်ရှူကျပ် နေတာ၊ သွေးတွေခဲနေတာဆိုပြီး သွေးချေစက်နဲ့*



*ချေလည်း မရဘူး။ အဲ့မှာဒဏ်ရာကြီးဖြစ်နေတာ။ အဲ့ဒဏ်ရာနဲ့ပဲ ဒီကလေးက နောက်ဆုံးကြတော့ အသက်ရှူကျပ်ရင်းနဲ့ အိမ်အပြန်ကို..သေလည်းသေကာနီးပါပြီ... အောက်စီဂျင်လွှတ်တော့ အိမ်ထိမခံတော့ပါဘူး...''*

**ထောင်ထဲအတွေ့အကြုံကိုတော့ ဒေါ်နှင်းပပ က အခုလို ပြောပြပါတယ် ...**

*``ကျွန်မ (၈) လ အကြာ သမံတလင်းမှာ အိပ်ခဲ့ရတယ်။ သူတို့ဖျာပေးတယ်၊ ပွဲကြည့်စဉ်မှာပေးတဲ့ ဖျာဆုတ်ဆုတ်လေး နှစ်ဆုတ်၊ အဲ့တာ နှစ်ဆုတ်ကိုဆက်ခင်းတာတောင်မှ တစ်ဆုတ် ဖြစ်မလာဘူး။ အဲ့ပေါ်မှာ ကျွန်မတို့အိပ်ခဲ့ရတယ်။ သမံတလင်းမှာ အိပ်ခဲ့ရတော့ ဘယ်လိုဖြစ်လည်း (၈) လ လောက်ဆိုတော့ နားတွေအူလာတယ်။ ဒူးတွေနာလာတယ်။ ကုတ်ပိုးတွေ ကိုက်ပြီးပေါ့နော် .. အဲ့တာမျိုးတွေ ကျွန်မဖြစ်ခဲ့တယ်။ ထမင်းတွေက အရမ်းမာတယ်။''*

**ပြန်လည်ကုစားရေးရရှိမှုကိုတော့ အခုလိုပြောပြလာပါတယ် ...**

*``ကျွန်မ အခုလက်ရှိလုပ်နေတဲ့ ပါတီကရော၊ အကျဉ်းသားအနေနဲ့ ကျခဲ့တဲ့ အဖွဲ့စည်းတွေကရော ဘယ်ကမှ ထောက်ပံ့မှုကို မရခဲ့ပါဘူး။ ပံ့ပိုးမှုခံချင်လို့ မဟုတ်သော်လည်း နွေးထွေးမှုလောက် ရချင်တာတောင် မရခဲ့ပါဘူး။ ... ကျွန်မ နိုင်ငံရေးသက်တမ်းတလျှောက်မှာ ဝိမုတ္တိအမျိုးသမီးအဖွဲ့လေးတစ်ဖွဲ့ ရှိပေးခဲ့တယ်ဆိုတာကို ပြချင်တာပါ။''*

ယခုလက်ရှိအနေဖြင့် မဟာအောင်မြေမြို့နယ်အဖွဲ့မှာပဲ EC အဖြစ် တာဝန်ထမ်းဆောင်နေပါသည်။

**စကားသံ**

ပါတီတွင်း ဆုံးဖြတ်ချက်ချခွင့်ရှိသည့် ခေါင်းဆောင်ရွေးခြယ်ရာတွင် မိမိအား အမျိုးသမီးဖြစ်နေခြင်းကြောင့် အကြိမ်ကြိမ်ပယ်ချခံရသည်။ ထို့ကြောင့် စိတ်ပိုင်းဆိုင်ရာ ချိုးနှိမ်ခံရသလို ယုံကြည်ချက်ပျက်ပြားအောင် နှိပ်ကွပ်ခံခဲ့ရသည်။

■

"
သူ့ကို ပဲဟင်းလဲမပေးဘဲနဲ့
အပြင်ကိုခေါ်သွားပြီးတော့ရိုက်တယ်။
သုံးရက်ရိုက်တယ်။
ထောင်မှူး၂ ယောက်ပါတဲ့အပြင်ကို
ဒုစရိုက်နဲ့ကျတဲ့သူတွေ၊
ဆေးမှုနဲ့ကျတဲ့သူတွေ၊
မုဒိန်းမှုနဲ့ကျတဲ့သူတွေ
အကုန်လုံး လေးဘက်လေးတန်
တစ်နှစ်သုံးဆိုတာနဲ့
လက်သီးနဲ့ထိုးတယ်။
တုတ်နဲ့ရိုက်။
ခြေနဲ့ဆောင့်ကန်တယ်။
အဲ့နည်းနဲ့ သုံးရက်လုံးရိုက်တယ်။ ...
"



# ဒေါ်စိုးစိုးခိုင်

အိုးဘိုထောင်၊ မန္တလေးမြို့ ( ၁၉၉၈ - ၂၀၀၃)

ပုဒ်မ ၁၇/၁၊ ၅/ည

“ ကျွန်တော်တို့ခံခဲ့ရတဲ့ အကြမ်းဖက်မှုတွေဆိုတာက ဖမ်းဆီးချုပ်နှောင်မှုတွေ ခံရတယ်၊ နှိပ်စက်ညှဉ်းပန်းမှုတွေခံရတယ်၊ အဲဒီအပြင်ကိုမှ ပြန်ထွက်လာတဲ့အခါ ခွဲခြားဆက်ဆံမှုတွေခံရတယ်။ အဲလိုခွဲခြားဆက်ဆံမှုတွေဟာ စိတ်ပိုင်းဆိုင်ရာကို တော်တော် ထိခိုက်စေပါတယ်။။ ”

ဒေါ်စိုးစိုးခိုင် သည် ၁၉၈၈ တွင် မြစ်ငယ် အထက်တန်းကျောင်းမှ ၁၀ တန်းအောင်မြင်ခဲ့ပြီး အရေးအခင်းကာလတွင် မြစ်ငယ်သပိတ်စခန်း၌ ပါဝင်ခဲ့သူဖြစ်သည်။ စစ်အာဏာသိမ်းပြီးနောက် ၁၉၈၉ တွင် NLD ရုံးစိုက်ရာ ပဒုမ္မာရုံးခန်းတွင် ရုံးလုပ်ငန်းများကို လုပ်ကိုင်ခဲ့သူ ဖြစ်သည်။ တပြိုင်နက်တည်းမှာပင် နိုင်ငံလုံးဆိုင်ရာ လူငယ်များ သမဂ္ဂများနှင့် ချိတ်ဆက်ပြီး မြစ်ငယ်သည် အလုပ်သမားမြို့တော်ဖြစ်သည့်အလျောက် အလုပ်သမားများအတွက် လူငယ်များသမဂ္ဂကို ဖွဲ့စည်းကာ အာဏာရှင်ဆန့်ကျင်ရေး လူငယ်များအဖွဲ့နှင့် ပေါင်းပြီး ဆောင်ရွက်ခဲ့သည်။ တစ်ချိန်တည်းမှာပင် အမရပူရဘက်မှ လူငယ်များ၏ အကသဖွဲ့စည်းမှုများတွင် ပူးပေါင်းဆောင်ရွက်ခဲ့သည်။

၁၉၉၀ တွင် NLD ပါတီ အောင်နိုင်ရေးအတွက် အမရပူရမြို့နယ်အရှေ့ခြမ်း(ယခု မန္တလေးတိုင်းဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင် ၏ အောင်နိုင်ရေးအတွက် စည်းရုံးရေးလှုပ်ရှားမှုများ တောက်လျှောက် ပြုလုပ်ခဲ့သည်။ အောင်နိုင်ရေးပြီးဆုံးချိန် ၈-၈-၁၉၉၀ တွင် ၈၄ လမ်း၌ မန္တလေးရှိ သံဃာတော်များကိုပင့်ဖိတ်ပြီး ရှစ်လေးလုံး ၂ နှစ်ပြည့် ဆွမ်းလောင်းလှူပွဲတွင်ပါဝင်ခဲ့ကြသည်။ အဆိုပါပွဲတွင် ပစ်ခတ်မှုများ၊ ဖမ်းဆီးမှုများကို ကြုံတွေ့ခဲ့ရသူဖြစ်သည်။ ၁၉၉၃ မှ ၁၉၉၈ ခုနှစ် အတွင်း ခေတ်အလိုက် နိုင်ငံရေးလှုပ်ရှားမှုများတွင် တောက်လျှောက် ပါဝင်ခဲ့သည်။

၁၉၉၈ မှာ အမှုတွဲ ၂၆ ဦး (အမျိုးသမီး ၃ ဦး၊ အမျိုးသား ၂၃ ဦး)နှင့် အတူ ဖမ်းဆီးခံရပြီး ပုဒ်မ ၅ ည၊ ၁၇(၁) တို့ဖြင့် ပြစ်ဒဏ် ၁၀ နှစ် ကျခံခဲ့ရသူဖြစ်သည်။ ၂၀၀၃ မေလတွင် ပြင်ပမှနေ၍ နိုင်ငံရေးလှုပ်ရှားမှုများ ဆက်လက်လုပ်ဆောင်ရန် ကျင့်-၄၀၁ ကို မိမိသိက္ခာဖြင့် လဲလှယ်ပြီး လက်မှတ်ထိုးကာ ပြင်ပသို့ထွက်လာခဲ့ရသူ ဖြစ်သည်။

၂၀၁၁ မြစ်ဆုံစီမံကိန်းနှင့် ပတ်သက်ပြီး လှုပ်ရှားမှုများတွင် စီမံကိန်းလုံးဝရပ်တန့်သွားသည် အထိ မန္တလေးနယ်သာမက ဧရာဝတီမြစ်ကြောင်း တလျှောက်ရှိရွာများကို ရုပ်ပြေးဖြင့် ဆန်တက်ချိတ်ဆက်ပြီး လှုပ်ရှားမှုများတွင်ပါဝင်ခဲ့သည်။ ၂၀၁၂ တွင် ရွေးကောက်ပွဲအောင်နိုင်ရေးအတွက် မေမြို့မှ ဒေါက်တာကျော်ဇေယျ၏ အောင်နိုင်ရေးအတွက် လိုက်ပါကူညီ အားဖြည့်ပေးခဲ့သည်။ မြစ်ကြီးနား ဗန်းမော်မြို့များရှိ စစ်ဘေးရှောင်စခန်းများသို့ အမရပူရ ဘဝအလင်းပရဟိတအဖွဲ့၊ ရန်ကုန်တိုင်းနာရေး ကူညီမှုအသင်းတို့နှင့် ပူးပေါင်းပြီး သွားရောက်ကူညီခဲ့သည်။ ၂၀၁၅ ရွေးကောက်ပွဲတွင် ရန်ကင်းပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ဇင်မာအောင်အတွက် အားဖြည့် လုပ်ဆောင်ပေးခဲ့သူဖြစ်သည်။ သူမသည် နိုင်ငံရေးနှင့် ပရဟိတ ချိတ်ဆက်ပြီး တောက်လျောက်လုပ်ကိုင်ခဲ့သည်။ ၂၀၁၈ နှစ်စပိုင်းတွင် အမျိုးသမီးများအပေါ် အကြမ်းဖက်မှု၊ ကျားမ မတူညီမှုအပေါ်တွင် မူတည်ပြီး အကြမ်းဖက်မှုဖြစ်ပွားခြင်းများရပ်တန့်စေရန် Tri Star Ending (GBV Group) ဖွဲ့ကာ သင်တန်းနည်းပြ တစ်ယောက်အဖြစ် ရပ်တည်လျှက်ရှိပါသည်။

**သူမရဲ့စစ်ကြောရေးအတွေ့အကြုံ နဲ့ နောက်ဆက်တွဲ ခံစားနေရတာတွေကိုတော့ အခုလိုပြောပြပါတယ် …**

*“ကျွန်တော့်ကို စစ်ကြောရေးမှာ (၇) ရက်ထားတယ်…၊ (၅) ရက်လောက်က မျက်လုံးကို သားရေပတ်နဲ့ စည်းထားတယ် …၊ သားရေပတ်က တအားပူတာ…၊ အဲ့နှစ်ကလည်း အပူလှိုင်းဖြတ်တဲ့နှစ် အဲ့ခါတုန်းက တအားပူပြီးတော့ ကျွန်တော့်မျက်လုံးက အဖုပေါက်တာ မျက်စိစွန်သလိုမျိုးတွေပေါ့ …၊ အခုအချိန်မှာ ဘာဖြစ်လာလည်းဆိုတော့ အလင်းရောင် စူးစူးတွေကို မကြည့်နိုင်တော့ဘူး …။ မျက်လုံးမှိတ်ပြီး ခဏနားရတယ်။ အဲ့လိုမျိုး ကျွန်တော်ဖြစ်တယ်။ မျက်ရည်ဝဲတယ်၊ မျက်ရည်ကျတယ်၊ အဲ့တာတောက်လျှောက်ဖြစ်တယ်..”*

**ထောင်တွင်းအတွေ့အကြုံအကြောင်းကိုတော့ အခုလိုပြောပြပါတယ် …**

*“လမ်းလျှောက်ဆိုလည်း ဒီတိုက်ခန်း (၅) ခန်းရှိတဲ့ဟာကို အဆုံးထိ မလျှောက်ခိုင်းဘူး စကားပြောမှာစိုးလို့တဲ့ အရှေ့လေးတင် လျှောက်ရတာ အရှေ့အတွင်းပိုင်းက (၁၀)/(၁၂)ပေလေး ရှိတာကို ခေါက်တုံ့ခေါက်ပြန် အများကြီး မလျှောက်နိုင်ဘူး၊ အညောင်းလည်းမပြေဘူး ပိုတောင်ညောင်းသေးတယ် …”*

*“အိမ်ကပါလာတဲ့ ဟင်းတွေတောင်မှ ဘာဖြစ်လို့၊ ညာဖြစ်လို့နဲ့ အကုန်မရဘူး။ မန်ကျီးရွက်ကြော်လေး၊ ရာသီပေါ်လေး စားရမယ်ဆို ဝမ်းရော*



> ❝ ကျွန်တော်က နိုင်ငံရေးမှုနဲ့ ထောင်ကျတာကို သိပေမယ့် ကျွန်တော်လုပ်နိုင်စွမ်းရှိပေမယ့် ဒီကိစ္စတခုတည်းကြောင့် ကျွန်တော်ကို အုပ်ချုပ်ရေးပိုင်းမှာ ပါဝင်ခွင့်မပေးခဲ့ဘူး။ … အလုပ်အကိုင်အခွင့်အလမ်းတွေ နစ်နာတယ်။ ❞

*မှာစိုးလို့ဆိုပြီး ကျွန်တော်တို့မှာ မျိုးစုံအကြောင်းပြပြီး ပယ်ပစ်လို့ လတ်ဆတ်တဲ့အစားအစာတွေ မစားရဘူး။ အခြောက်ကြော်ထားတာတွေပဲ စားနေရတယ်။ ရေရှည်မှာ ကျွန်တော်ပြန်လွတ်ပြီးတော့ ဆေးစစ်တဲ့အချိန်မှာ အသည်းအဆီဖုံးတယ် အခုအချိန်ထိ အသည်းအဆီဖုံးတဲ့အတွက် ကျွန်တော် ဆေးစားနေရတယ်။''*

**နိုင်ငံရေးအကျဉ်းသားဟောင်းတယောက်အဖြစ် ရပ်ရွာက အခုလိုပြုမူကြောင်းပြောပြလာပါတယ် …**

*``မိသားစု ထဲမှာတော့ နိုင်ငံရေးလုပ်လို့ ထောင်ကျတာ ပြဿနာ မရှိပေမယ့် community ထဲမှာကျတော့ ကျွန်တော် အုပ်ချုပ်ရေးမှူး ဝင်အရွေးခံတဲ့အခါ ကျွန်တော့်ကို ရာအိမ်မှူးအဆင့်ပေးပြီး ထောင်ကထွက်လာလို့ အုပ်ချုပ်ရေးမှူးတာဝန် မပေးနိုင်ဘူးလို့ ပြောတယ်။''*

*``ကျွန်တော်က နိုင်ငံရေးမှုနဲ့ ထောင်ကျတာကိုသိပေမယ့် ကျွန်တော်လုပ်နိုင်စွမ်းရှိပေမယ့် ဒီကိစ္စတခုတည်းကြောင့် ကျွန်တော့်ကို အုပ်ချုပ်ရေးပိုင်းမှာ ပါဝင်ခွင့်မပေးခဲ့ဘူး။ … အလုပ်အကိုင်အခွင့်အလမ်းတွေ နစ်နာတယ်။ နောက်ပိုင်း ပွင့်လင်းလာတဲ့ အချိန်မှာတောင် နိုင်ငံရေးနဲ့ပတ်သက်ရင် တချို့လူတွေက ကြောက်ရွံ့နေကြသေးတယ်။ ကျွန်တော်တို့ လွတ်ကာစတုန်းကဆိုရင် တရားမမျှတမှုတွေကို အများကြီးခံရတယ်။ ကျွန်တော်တို့မှာ လုပ်နိုင်စွမ်းတွေရှိနေတာတောင်မှ ကျွန်တော်တို့သည် ထောင်ကထွက်လာသူများဖြစ်သည့်အတွက် လုပ်ပိုင်ခွင့်မရဘူး။''*

**အပြောင်းအလဲကာလတရားမျှတမှုနဲ့ပတ်သက်လို့ သူမပြောလာတာက …**

*``ပြန်လည်ကုစားခြင်းနဲ့ ပတ်သက်ပြီး လက်ရှိအစိုးရသည် ပြောင်းလဲလာပြီဖြစ်သည့်အတွက် ကျွန်တော်တို့ အများကြီး မျှော်လင့်မိပါတယ်။ မျှော်လင့်ပြီးတော့ ကျွန်တော်တို့သည် ပြန်လည်ကုစားခြင်းပဲဖြစ်ဖြစ်၊ Transtional Justic နဲ့ပဲဖြစ်ဖြစ် ကျွန်တော်တို့က အမှန်တရားတခုကို ဖော်ထုတ်ပေးမှာပဲဆိုတဲ့ မျှော်လင့်ချက်ရှိခဲ့ပါတယ်။ ဒါပေမဲ့ အခုချိန်ထိလည်း ကျွန်တော်တို့မျှော်လင့်ထားတာတွေ ဖြစ်မလာသေးပါဘူး… ''*

**အကြမ်းဖက်ခံရမှုဆိုတာနဲ့ပတ်သက်ပြီး ရင်ဆိုင်နေရပုံကို အခုလိုပြောပြပါတယ် ….**

*``ကျွန်တော်တို့ခံခဲ့ရတဲ့ အကြမ်းဖက်မှုတွေဆိုတာက ဖမ်းဆီးချုပ်နှောင်မှုတွေ ခံရတယ်၊ နှိပ်စက်ညှဉ်းပန်းမှုတွေခံရတယ်၊ အဲဒီအပြင်ကိုမှ ပြန်ထွက်လာတဲ့အခါ ခွဲခြားဆက်ဆံမှုတွေခံရတယ်။ အဲလိုခွဲခြားဆက်ဆံမှုတွေဟာ စိတ်ပိုင်းဆိုင်ရာကို တော်တော် ထိခိုက်စေပါတယ်။…''*

*``ကိုယ်ဖြတ်သန်းရတဲ့ Community ထဲမှာ ကျွန်တော်ကို ယုံကြည်ပေးတဲ့ ဆရာသမားတွေ ရှိသလို၊ ကျွန်တော်ရဲ့ တပည့်တွေလည်းရှိတယ်။ ပြီးတော့ သူတို့ရဲ့ အားပေးမှုတွေကြောင့် ကျွန်တော်သည် ကိုယ်စိတ်လုံခြုံမှုကို ခံစားရသော်လည်း အမြဲတမ်းအနေနဲ့ တရားမျှတမှု မရခဲ့တဲ့အပေါ်၊ ပြန်လည်ကုစားခြင်းများ ထိထိရောက်ရောက် မရတဲ့အပေါ်မှာ ကျွန်တော်တို့ စိတ်ပိုင်းဆိုင်ရာ အကြမ်းဖက်ခံရတယ်လို့ ကျွန်တော်ခံစားမိတယ်။…''*

■



# ဒေါ်ခင်ဥမ္မာအေး

အင်းစိန်ထောင်၊ သာယာဝတီထောင်

(၁၉-၇-၈၉ မှ ၂၉.၅.၉၃) ပုဒ်မ ၅/ည

"

သူတို့ကို ထိပါးတဲ့ ဦးကိုနီ တို့လို နာမည်ကြီး နိုင်ငံရေးသမားကိုတောင် လူမြင်ကွင်းမှာ သေနတ်နဲ့ပစ်သတ်တယ်၊ ဘာလွတ်လပ်ခွင့်ပဲပြောပြော ဖမ်းချင်တဲ့သူကို ဖမ်းချင်တဲ့အချိန်မှာ ဖမ်းတဲ့အတွက် အကြမ်းဖက်မှုမှ လွတ်မြောက်တယ်လို့ မယူဆဘဲ စိုးရိမ်ပူပန်မှု အပြည့်ရှိပါတယ်။

"

ဒေါ်ခင်ဥမ္မာအေး ကို ၁၉၆၇ ခုနှစ် ဖွန်လ ၂၁ ရက်နေ့တွင် မွေးဖွားခဲ့သည်။ ၁၉၈၈ ခုနှစ် ဩဂုတ်လ ၈ ရက်နေ့တွင် မြို့တော်ခန်းမ၌ ကျောင်းသားများ အစာငတ်ခံဆန္ဒပြသည့်အခါ သူမက အိမ်နှင့်နီးသောကြောင့် ကျောင်းသားများလိုအပ်သည့် ရေ၊ ညပိုင်း ဟောပြောရေးတွင် လိုအပ်သောခုံတို့ကို ကူညီပေးခဲ့သည်။ သူမသည် ၁၉၈၉ ခုနှစ် အာဇာနည်နေ့တွင် လွမ်းသူ့ပန်းခွေ သွားချခဲ့သည့်အတွက် အရေးပေါ် ၅/ည ဖြင့် ဖမ်းဆီးခံရပြီး အင်းစိန်ထောင်ထဲမှာပင် ၁၀ ရက် အတွင်းစစ်ခုံရုံးဖွဲ့၍ အမှတ် (၂) စစ်ခုံရုံးက အမှုတွဲ(၁၅) ယောက်နှင့်အတူ ထောင် (၅) နှစ် ချခံရသူဖြစ်ပါသည်။

အင်းစိန် အကျဉ်းထောင်တွင် ၁ နှစ် သာယာဝတီ အကျဉ်းထောင်တွင် ၃ နှစ် စုစုပေါင်း ၄ နှစ် နေခဲ့ရပါသည်။ အဲဒီကိစ္စမှာ ကျောင်းသားလူငယ်အများစု ဖမ်းဆီးခံခဲ့ရတာဖြစ်ပါသည်။ အင်းစိန်အကျဉ်းထောင် စာဥအရေးအခင်းမှာ ပါဝင်ခဲ့သူ တစ်ယောက်လည်းဖြစ်ပါသည်။

၁၉၉၀ မှာ NLD ပါတီမှ ရွေးကောက်ပွဲတွင် အပြတ်အသတ်အနိုင်ရရှိသော်လည်း အာဏာလွှဲမပေးဘဲ သတင်းစာရှင်းလင်းပွဲတခုမှာ အစိုးရက နိုင်ငံရေးအကျဉ်းသား မရှိဘူးလို့ ကြေညာလိုက်သည် ကို လူငယ်တွေက မကျေမနပ်ဖြစ်ကာ (၁) ထောင်ထဲကနိုင်ငံရေးအကျဉ်းသားတွေကို လွှတ်ပေးရေး၊ (၂) အနိုင်ရပါတီကို အာဏာလွှဲပြောင်းပေးရေး၊ (၃) ဒေါ်အောင်ဆန်းစုကြည်လွှတ်မြောက်ရေးဆိုတဲ့ ကြွေးကြော်သံတွေနဲ့ အင်းစိန်အကျဉ်းထောင်တွင်း၌ ၁၉၉၀ စက်တင်ဘာ ၂၅ ရက်နေ့မှာ ဆန္ဒပြခဲ့ကြရာတွင် ဒေါ်ခင်ဥမ္မာအေး ပါဝင်ခဲ့ပါသည်။ ယင်းဆန္ဒပြပွဲကို ထောင်အာဏာပိုင်တို့က အကြမ်းဖက်ဖြိုခွဲခဲ့သည်။ အင်းစိန်အကျဉ်းထောင်တပိုက် အော်ဟစ်သံများ အပြင်မှမကြားစေရန် ဟသ်ာတထွန်းရင် ရဲ့ စာဥသီချင်းကို လော်စပီကာများဖြင့် ကျယ်လောင်စွာဖွင့်ထားပြီးမှ အကျဉ်းထောင်ထဲကို ဝင်ရောက်အကြမ်းဖက် ရိုက်နှက်သောကြောင့် အဲဒီ ဆန္ဒပြပွဲကို စာဥအရေးအခင်း ဟု လူသိများပါသည်။

**ထောင်တွင်း စာဥအရေးအခင်းအကြမ်းဖက်မှုကို အခုလိုပြောပြပါတယ် ……**

*“ကျွန်မတို့ကို ခေါင်းစွပ်စွပ်ပြီး လာရောက်ဆွဲခေါ်သွားကြတယ်။ ပြီးတော့ ဘူးဝမှာ နေလှန်းပြီး ရိုက်နှက်ပါတယ်။ ပြီးတော့ ကားပေါ်တင်ပြီး သာယာဝတီထောင်ကိုပို့လိုက်တယ်။ အဲဒီလမ်းမှာ နည်းနည်းလှုပ်တာနဲ့ အကုန်လုံးကို ရာဘာတုတ်နဲ့ ခေါင်းနောက်စေ့၊ ကျောကုန်းတို့ကို ရိုက်နှက်ပါတယ်။ သာယာဝတီထောင်ကို ည ၆ နာရီမှာ ရောက်ပြီး ထောင်ဝင်စာ တစ်လပိတ်ပါတယ်”*

**ကျန်းမာရေးစောင့်ရှောက်မှုအခြေအနေနဲ့ ပြိုပျက်နေတဲ့ အကျဉ်းစခန်းအကြောင်းကို ယခုလိုပြောပြပါတယ် ….**

*“ထောင်ထဲမှာပဲ သွေးတိုးရောဂါရခဲ့တယ်။ ဆေးလည်းမကုပေးဘူး။ ဆေးလည်း အပြင်က မသွင်းခဲ့ရဘူး။ ထောင်ထဲမှာလည်း မျက်နှာကြက်ပြိုကျခြင်းကြောင့် ဦးခေါင်းဒဏ်ရာ ၂ ခါ ရရှိခဲ့ပြီး ယခုအချိန်ထိ ခေါင်းကိုက်နေပြီး ၁၂ ရာသီ အကြောတက်တဲ့ရောဂါရနေပါတယ်။”*

**အကြမ်းဖက်မှုတွေကလွတ်မြောက်မှုမရှိကြောင်းကို ……**

*“အကြမ်းဖက်မှုက လွတ်မြောက်တယ်လို့ လုံးဝမထင်ပါဘူး။ သူတို့ကိုထိပါးတဲ့ ဦးကိုနီ တို့လို နာမည်ကြီး နိုင်ငံရေးသမားကိုတောင် လူမြင်ကွင်းမှာ သေနတ်နဲ့ပစ်သတ်တယ်၊ ဘာလွတ်လပ်ခွင့်ပဲပြောပြော ဖမ်းချင်တဲ့သူကို ဖမ်းချင်တဲ့အချိန်မှာ ဖမ်းတဲ့အတွက် အကြမ်းဖက်မှုမှ လွတ်မြောက်တယ်လို့ မယူဆဘဲ စိုးရိမ်ပူပန်မှုအပြည့်ရှိပါတယ်။”*

**သူမရဲ့စိတ်ထဲမှာ မမေ့မပျောက်ဖြစ်နေတာက …..**

*“ထောင်ထဲမှာကုန်သွားတဲ့ အချိန်တွေရယ်၊ မိသားစုစီးပွားရေးအတွက်လည်း တွေးပူမိတယ်။ ထောင်ကျနေတဲ့အချိန်မှာ အမေဆုံးသွားတယ်။ ကျွန်မထောင်ကျတော့ မိဘကိုပြုစုရမယ့်အချိန်မှာ မပြုစုနိုင်ဘဲ ကျေးဇူးမဆပ်လိုက်ရတဲ့အတွက် စိတ်မကောင်းဖြစ်မိပါတယ်။ ကျွန်မ အဖေကလည်း စိတ်ညစ်တာကို အရက်နဲ့ဖြေဖျောက်ခဲ့ပါတယ်။ ထောင်ဝင်စာမဟုတ်တဲ့နေ့တွေမှာပါ ထောင်ဘူးဝမှာလာပြီး ထိုင်နေပါတယ်။ အဲဒီလို တနေကုန် ထိုင်နေပြီး ထောင်ပိတ်တဲ့အချိန်မှ ပြန်သွားလေ့ရှိတယ်။ အဲ့ဒီလိုဖြစ်ခဲ့တဲ့အတွက်လည်း စိတ်မကောင်းပါဘူး။”*

■



# ဒေါ်ကြည်ကြည်မင်း

အင်းစိန်အကျဉ်းထောင်

(၂၀၀၀-၂၀၀၉) ၅/ည၊ ၁၇/၁ နှင့် ၁၃/၁

“ ကျိုက်ထိုကိုခေါ်တော့ ကျွန်မကို ကား ပေါ်မှာ မျက်လုံးကိုမှိတ်ပြီးတော့ စည်းထားတယ်။ ကျွန်မကို လက်ထိပ်ခတ်ထားတယ်၊ လက်ထိပ်က ကျွတ်ကျွတ်ထွက်နေတယ်။ လက်ထိပ်က ကျွတ် ကျွတ်ထွက်လေ ကျွန်မကို ပါးတွေနားတွေရိုက်လေပဲ။ ”

ဒေါ်ကြည်ကြည်မင်း သည် အသက် ၅၂ ရှိပြီဖြစ်သော သမီး ၂ ယောက်မိခင်ဖြစ်သည်။ မွန်ပြည်နယ်၊ ဘီးလင်းမြို့၊ အလူးကျေးရွာမှ ကရင်တိုင်းရင်းသူ တဦးဖြစ်သည်။ သူမသည် ၁၉၈၈ အရေးအခင်း ကာလကတည်းက နိုင်ငံရေးလှုပ်ရှားမှုများတွင် ပါဝင်နေခဲ့သူဖြစ်သည်။ ၈၈ အရေးအခင်း ကာလတလျှောက် သူမကို ပေးအပ်ခဲ့သောတာဝန်များကို ကျေပွန်စွာထမ်းဆောင်ခဲ့ကြောင်းသိရှိရသည်။ ၂၀၀၀ ခုနှစ် မေလ ၁ ရက်နေ့မှာမဲဆောက်ကနေအပြန် သထုံမြို့တွင် ဖမ်းဆီးခံခဲ့ရသည်။ နိုင်ငံခြားငွေကိုင်ဆောင်မှုနဲ့ ခဏလိုက်ခဲ့ပါဆိုပြီး ထောက်လှမ်းရေး ( ၅ ) မှ ဖမ်းဆီးခဲ့ခြင်းဖြစ်သည်။ သထုံမှာ ၁ ရက်စစ်ကြောရေးဝင်ပြီးနောက် ကျိုက်ထိုသို့ပို့ကာ ထပ်မံစစ်ဆေးခြင်းခံရသည်။ အဲဒီကနေ ထောက်လှမ်းရေး (၇)၊ ထို့နောက် ရန်ကုန်သို့ပို့ပြီး စစ်ဆေးခဲ့ပြန်သည်။ စစ်ကြောရေး ကာလ ၁၈ ရက်ကြာ ရင်ဆိုင်ခဲ့ရပြီး ၁၄ ရက်လုံးလုံး ညှဉ်းပန်း နှိပ်စက်ခံခဲ့ရသူဖြစ်ပါသည်။ ပုဒ်မ ၃ ခုဖြင့် ပြစ်ဒဏ် ၁၅ နှစ် ချမှတ်ခံရသည်။ ခင်ပွန်းသည် ဦးကျော်မျိုးမင်းသည်လည်း အမှုတွဲဖြင့် ထောင် ၁၅ နှစ် အတူကျခဲ့သည်။ အင်းစိန်အကျဉ်းထောင်တွင် ၁၀ နှစ်ခန့် နေခဲ့ရပြီး ၂၀၀၉ ခုနှစ် စက်တင်ဘာ ၁၈ ရက်တွင် ဒေါ်ကြည်ကြည်မင်း သည် အကျဉ်းထောင်မှ ပြန်လည်လွတ်မြောက် လာခဲ့သည်။ ခင်ပွန်းသည် ဦးကျော်မျိုးမင်းမှာ တစ်နှစ်ခန့်နောက်ကျပြီးမှ လွတ်မြောက်လာပါသည်။ သူမသည် အကျဉ်းထောင်မှ လွတ်မြောက်ပြီးနောက် အိမ်ထောင်ရေးပြိုကွဲခဲ့ရသည်။

**စစ်ကြောရေးအတွေ့အကြုံကိုတော့ အခုလိုပြောပြပါတယ် ……**

*"ည ၉ နာရီ ထဲကစစစ်တာ မနက် ၄ နာရီ ထိုးသွားတယ် … မေးခနဲအိပ်ပျော်သွားတဲ့အချိန်မှာ နှိုးပြီးတော့ ဒီပိုက်ဆံက ဘယ်သူ့ပိုက်ဆံလည်းဆိုတော့ … ဌေးပိုက်ဆံလို့ ပြောလိုက်တယ်။ ဒီလူကျိန်းသေပြီဆိုပြီး အဲ့မှာတင် စပြီးတော့ရိုက်တော့တာပဲပေါ့။ လူကို ထိုင်ထလုပ်ခိုင်းတယ်။ အိပ်ငိုက်ပြေသွားပြီလားဆို ပထမမေးခွန်းတွေပဲပြန်မေးပါတယ်။ ထိုင်ထလုပ်တာနေးကွေးရင် ဆောင့်ကန်တယ်။ ဆံပင်ကိုဆွဲပြီး နပူးနဲ့စားပွဲနဲ့ ဖိပြီးဆောင့်တယ်။ နပူးဒဏ်ရာရတယ်။ ကြမ်းကြမ်းတမ်းတမ်း နှိပ်စက်ခဲ့တယ်။ ခေါင်းနဲ့အုတ်နံရံနဲ့ တိုက်တဲ့အခါတွေမှာ ပြင်းထန်လွန်းလို့ နားထင်ကွဲပြီးသွေးတွေထွက်ကုန်တယ်။ ကျွန်မကို ဘယ်နှစ်ချက်တွေရိုက်ပြီးတော့ ဘယ်လိုတွေလုပ်လိုက်လဲ ကျွန်မလည်းမသိတော့ဘူး။ စစ်ကြောရေးမှာ ကိုခင်ကျော်ကိုသိလား မေးတယ် မသိဘူးဆိုရင် ပါးရိုက်တယ်။"*

*"ကျိုက်ထိုကိုခေါ်တော့ ကျွန်မကို ကားပေါ်မှာ မျက်လုံးကိုမှိတ်ပြီးတော့ စည်းထားတယ်။ ကျွန်မကို လက်ထိပ်ခတ်ထားတယ်၊ လက်ထိပ်က ကျွတ်ကျွတ်ထွက်နေတယ်။ လက်ထိပ်က ကျွတ်ကျွတ်ထွက်လေ ကျွန်မကို ပါးတွေနားတွေရိုက်လေပဲ။"*

**တရားမျှတမှုနဲ့ပတ်သက်လို့ ဒေါ်ကြည်ကြည်မင်းက အခုလိုမြင်ပါတယ် …**

*"တရားမျှတမှုအနေနဲ့ ဟိုအရင် ၈၈ တုန်းက စစ်အစိုးရကလည်း မမျှတဘူး၊ ပြီးတော့ အခုအစိုးရကလည်း တရားမျှတမှုမရှိပါဘူး။ ဘာလို့လဲဆိုတော့ အရင်ကလည်း ဖိနှိပ်ချုပ်ချယ်တယ်၊ အခုလည်း ဖိနှိပ်ချုပ်ချယ်တယ်။ ဘယ်လိုချုပ်ချယ်လဲဆိုတော့ ပညာရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေး စတဲ့ အဘက်ဘက်တွေမှာ တရားမျှတမှုမရှိဘူး။ စီးပွားရေးပိုင်းမှာလည်း ခရိုနီတွေကိုပဲ အရေးပေးနေတဲ့အတွက် ပြည်သူတွေ နစ်နာရတယ်။"*

**ပြန်လည်ကုစားရေးအတွက် သူမရဲ့အခြေအနေကို ဒီမှာ မြင်နိုင်ပါတယ် …**

*"ကျွန်မတို့ ထောင်ကပြန်လွတ်လာတဲ့အခါ ကျွန်မတို့ကို အားပေးသင့်တယ် နစ်သိမ့်သင့်တယ်။ ကျွန်မတို့ကို ဘာကြီး၊ ညာကြီးပေးဖို့လည်း မမျှော်လင့်ဘူး။ စိတ်ပိုင်းဆိုင်ရာ ပြန်လည်ကုသမှု မရှိတဲ့အပြင် စိတ်ပိုင်းဆိုင်ရာကို ဖိနှိပ်ခြင်းသာရှိခဲ့တယ်။ အပြင်ကိုရောက်ပြီး ကျွန်မမှာ အိမ်ထောင်ရေး အဆင်မပြေခြင်း၊ ခွဲခြားဆက်ဆံခံရခြင်းတို့ကြောင့် စိတ်ကျရောဂါခံစားရချိန်တွင် … "*

**အကြမ်းဖက်မှုနဲ့ပတ်သက်လို့ သူမရဲ့အမြင်ကတော့**

*"အကြမ်းဖက်မှုဆိုတာ အများနဲ့သက်ဆိုင်တယ်ထင်တယ်။ ရုပ်ပိုင်းအကြမ်းမဖက်ပေမယ့် စိတ်ပိုင်း ဆိုင်ရာတော့ အကြမ်းဖက်ခံရတယ်။"*

■



# ဒေါ်စန်းစန်းဌေး (ခ) ဒေါ်စိတ္တဝတီ

## အင်းစိန်အကျဉ်းထောင်

## (၂၀၀၇ - ၂၀၁၁) ပုဒ်မ ၂၉၅/၂၉၂/ ၁၁၄

ဒေါ်စန်းစန်းဌေး သည် ၂၀၀၇ ခုနှစ်တွင် ဖြစ်ပွားခဲ့သည့် ရွှေဝါရောင်တော်လှန်ရေးတွင် ပါဝင်ခဲ့သော ဆရာလေးတစ်ပါးဖြစ်သည်။

ဆရာလေး ဘွဲ့အမည်မှာ ဒေါ်စိတ္တဝတီ ဖြစ်သည်။ ဆရာလေးသည် ၈ နှစ် သမီးဘဝကပင် သီလရှင်ဝတ်ခဲ့ပြီး ဗုဒ္ဓစာပေလေ့လာသင်ယူခဲ့ရသည်။ အသက် ၃၂ နှစ်အရွယ်တွင် ၂၀၀၇ ခုနှစ် အောက်တိုဘာလ ၁၀ ရက်နေ့၌ မြောက်ဥက္ကလာပ (၂) ရပ်ကွက်ရှိ သစ္စာသရဖူကျောင်းတွင် ဝင်ရောက်ဖမ်းဆီးခြင်း ခံရသည်။ ထိုစဉ်က ဆရာလေးနှင့်အတူ သီလရှင် (၈) ပါး၊ ဘုန်းကြီး (၇)ပါး အတူဖမ်းဆီး ခံခဲ့ရသည်။ တရားရုံးတွင် (၁)နှစ် ရင်ဆိုင်ခဲ့ရပြီး နောက် ပြစ်ဒဏ် (၄ နှစ် ၃ လ) ကျခံခဲ့ရသည်။ အကျဉ်းထောင်ထဲတွင် ၄ နှစ် ၃ လ အပြည့်နေပြီး

နောက် ၂၀၁၁ ခုနှစ်တွင် ပြန်လည်လွတ်မြောက်လာခဲ့သည်။

ပြန်လည်လွတ်မြောက်ပြီးနောက် သီလရှင်ပြန်ဝတ်ရန်ကြိုးစားခဲ့သော်လည်း ကျောင်းမရှိခြင်း၊ ယခင်က ပညာသင်ကြားခဲ့သော သီလရှင်စာသင်တိုက်မှလက်မခံဘဲ နှင်လွှတ်ခြင်းတို့ကြောင့် လူဝတ်ဖြင့်ပင် ယခုနေထိုင်သော အိမ်လေးတွင် အတူဖမ်းဆီးခံရသော ဆရာလေး ဒေါ်ဝဏ္ဏ၊ ဒေါ်ခင်လှ (မိခင်) တို့နှင့် အတူနေထိုင်ကာ ကုန်စိမ်းရောင်းခြင်းဖြင့် အသက်မွေးဝမ်းကျောင်းပြုနေပါသည်။ ဆရာလေးတို့ အမှုတွဲမှာ အားလုံး (၁၄) ယောက်ဖြစ်ပြီး ဒီအမှုတွဲမှာပါတဲ့ ဆရာတော်တစ်ပါးက အင်းစိန်အကျဉ်းထောင်မှာ ဆုံးပြီး၊ နောက်တစ်ပါးကတော့ ရဲဘက်စခန်းတစ်ခုမှာ ကွယ်လွန်သွားခဲ့ကြောင်း သိရှိရသည်။

**သူမဖမ်းဆီးခံရစဉ်ကအတွေ့အကြုံကို အခုလိုပြောပြပါတယ်...**

``ကျွန်မရဲ့ဝတ်စုံတွေကို သေနတ်နဲ့ချိန်ပြီး ချွတ်ခိုင်းတယ်။''

``ဘုန်းကြီးတွေ ကားပေါ်ကဆင်းတာနဲ့ ထိုင်ထိုင်ထိုင်ဆိုပြီး ကျွန်မတို့ရှေ့မှာတင် ရိုက်တာနက်တာတွေလုပ်တယ်။ အဲ့ကျောင်းထိုင်ဆရာတော်ကိုဆိုရင် ဒယဉ့်တိုက်ဆွဲချတာ။ လေဖြတ်နေတဲ့ ဆရာတော်ကိုဆွဲတာ၊ ဆရာတော်ကပါသွားရော။''

``ကျိုက္ကဆံဝန်းထဲခေါ်သွားတယ် ...... အရှေ့တစ်ယောက်၊ ဘေးတစ်ယောက်၊ အနောက်တစ်ယောက် စစ်သားတွေကြား ထိုင်ခိုင်းပြီးတော့ ကျွန်မကိုစစ်တယ်။ တစ်ယောက်မေးလို့မပြီးသေးဘူး။ တစ်ယောက်ကမေးတယ်။ ဆက်တိုက်မေးနေတော့ ကျွန်မယောင်သွားပြီလေ။''

``ကျွန်မကိုဖမ်းပါ၊ ဒီသီလရှင်အဖွားကြီးတွေတော့ လွှတ်ပေးပါလို့ ကျွန်မတောင်းဆိုခဲ့တယ်။ မလွှတ်ပေးခဲ့ပါဘူး။ ကျွန်မတို့ကို ထောင်အသီးသီးကိုပို့တယ်။ ကျွန်မရယ်၊ ကျွန်မအမေရယ်၊ ဆရာလေးတစ်ပါးရယ်၊ ဦးဇင်းတစ်ပါး ရယ်ကို ဗိုလ်တစ်ထောင်အချုပ်ကိုပို့တယ်။''

**ဒေါ်စန်းစန်းဌေး ပြန်လည်လွတ်မြောက်ပြီးနောက် သူမရဲ့အခြေအနေကို အခုလိုပြောပြပါတယ် ...**

*``အပြင်ရောက်သော်လည်း ၁ နှစ် တိတိစောင့်ကြည့်ခံရတယ်။ အဲဒါကြောင့် အမှန်တရားမရသေးဘူး။ အခု ဒီမိုကရေစီရသွားတယ်ထားဦး စောင့်ကြည့်ခြင်းတွေက မလွတ်မြောက်သေးဘူး။ အနည်းအကျဉ်းရှိနေသေးတယ်။''*

**တရားမျှတမှုနဲ့ပတ်သက်ပြီး လူမှုအသိုင်းအဝိုင်းမှာ သူမ ရင်ဆိုင်ရတာ၊ ခံစားရတာကို အခုလိုရင်ဖွင့်ပါတယ် ...**

*``တရားမျှတမှု လုံးလုံးမရှိသေးဘူး။ ကျွန်မတို့ရပ်ကွက် အမျိုးသားဒီမိုကရေစီအဖွဲ့ထဲမှာ ကျွန်မက အမျိုးသမီးအဖွဲ့မှာပါတယ်။ ကျွန်မ အမေက အလုပ်အမှုဆောင် ထဲမှာပါတယ်။ ဒါပေမဲ့ အဲဒီအဖွဲ့က ကျွန်မတို့သားအမိ အစည်းဝေးတက်မှာ ကိုကြောက်တယ်။ သူတို့အဖွဲ့ထဲမှာ စည်းတွေ၊ ဘောင်တွေ ခတ်ထားတယ်၊ ကျွန်မတို့ ပြောချင်တာ ကိုမပြောရဘူး။ ဒါကိုတော့ ကျွန်မရင်ထဲမှာ မကျေနပ်ဘူး။''*

*``ပြီးတော့ ရပ်ကွက်မှာလည်း တရားမျှတမှု မရှိဘူး။ ကျွန်မတို့တစ်အိမ်လုံးက အကျဉ်းကျတဲ့ လူတွေ စုနေတာဖြစ်လို့ ကျွန်မတို့အိမ်ကိုသွားရင် ထောင်ကျမယ်လို့ပဲ အပြောခံရတယ်။''*

**ပြန်လည်ကုစားရေးအတွက် သူမ ရင်ဆိုင်ခဲ့ရမှုနဲ့ ပတ်သက်ပြီး အခုလိုပြောပြပါတယ် ...**

*``ဘုန်ကြီးတွေကိုရိုက်သတ်တာကို ကျွန်မတို့ ယနေ့အထိမြင်ယောင်နေတယ်။ ကျွန်မတို့ ကျောင်းထိုင် ဆရာတော်ကြီး ထောင်ထဲမှာ ၁ နှစ် ၂ လ နေပြီး ပျံလွန်တော်မူသွားတယ်။ အဲ့ဒီသတင်းကိုလည်း ၄ လလောက်ကြာမှသိရတယ်။ အလောင်းကိုလည်းအပြင်ပြန်မထုတ်ပေးဘဲ ဖြစ်သလိုထောင်ထဲမှာပဲ သင်္ဂြိုဟ်လိုက်တယ်။ အဲဒီအဖြစ်အပျက်တွေကို ရင်ထဲမှာအခုထိ ကုစားမရသေးဘူး။ အဲဒီကိစ္စကို ပြန်လည်ကုစားချင်တယ်ဆိုရင်တော့ ကျူးလွန်ခဲ့တဲ့ ပုဂ္ဂိုလ်တွေက ပြန်လည်တောင်းပန်သင့်တယ်လို့ ထင်တယ်။ ဒါမှသာ ပြန်လည်ကုစားနိုင်မယ်လို့ထင်တယ်။''*

■



# ဒေါ်ရှမ်းမ (ခ) နန်းအုန်းနွယ်

အင်းစိန်အကျဉ်းထောင် (ခေတ္တ)

ဒေါ်ရှမ်းမ လို့ လူအများက ခင်မင်ရင်းနှီးစွာ ခေါ်ကြတဲ့ ရှမ်းတိုင်းရင်းသူ ဒေါ်နန်းအုန်းနွယ် ဟာ ရွှေပြည်သာမြို့နယ်မှာနေထိုင်ပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အဖွဲ့ဝင်ဟောင်းများဖြစ်ခဲ့ကြပါသည်။ သူမရောသူမခင်ပွန်း ဦးထွန်းမြင့် ပါ နိုင်ငံရေးအကျဉ်းသားဟောင်းများဖြစ်ကြပါသည်။

၁၉၈၈ ခုနှစ်မှာ အန်တီရှမ်း ဟာ အုတ်ကျဉ်း ဂုံနီစက်ရုံမှ ဝန်ထမ်းတယောက် ဖြစ်ခဲ့သော်လည်း ၈၈ အရေးအခင်းကာလမှာတော့ ဒေါ်နန်းအုန်းနွယ် ဟာ စနစ်ဆိုး ခေတ်ဆိုးကို တော်လှန်ခဲ့သော နိုင်ငံ့သားကောင်းတယောက် ဖြစ်ခဲ့ပါသည်။ ၁၉၉၆ ခုနှစ်မှာတော့ အလုပ်မှ ပင်စင်ယူခဲ့ပါသည်။

ပင်စင်ယူပြီးနောက် ခင်ပွန်းသည်နှင့်အတူ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သို့ ဝင်ရောက်ကာ နိုင်ငံ့အရေးတာဝန်များကို ထမ်းဆောင်ခဲ့ကြသည်။ ထိုအချိန်က အာဏာပိုင်တို့က ပါတီမှ နုတ်ထွက်ရန် နည်းမျိုးစုံဖြင့် ဖိအားပေးခဲ့သော်လည်း ရပ်ကျေးကို ပြန်လည်စုစည်းပြီး ရပ်ကျေးအမာခံအဖြစ် ရပ်တည်ခဲ့သည်။ ထို့ကြောင့် ၉၉၉၉ အရေးအခင်းမတိုင်မီ ၈-၉-၉၉ နေ့တွင် ခင်ပွန်းဖြစ်သူအား အာဏာပိုင်တို့မှ ဖမ်းဆီးခဲ့သည်။ တစ်လခန့်မျှ ဖမ်းဆီးစစ်ကြောပြီး ပါတီမှနုတ်ထွက်ရန် ဖိအားပေးခဲ့သည်။ တစ်လအကြာ ပြန်လည်လွတ်မြောက်လာခဲ့သည်။ ဒေါ်အောင်ဆန်းဆုကြည်နှင့်တကွ ဖမ်းဆီးခံထားရသူများ အမြန်ဆုံး ပြန်လည်လွတ်မြောက်ရန် ရွှေတိဂုံဘုရားတွင် အပတ်စဉ် အင်္ဂါနေ့တိုင်း ဝတ်ပြုဆုတောင်းပွဲကို( ) နှစ်ကြာ အပတ်စဉ်ပြုလုပ်ခဲ့သည်။ ၂၀၀၇ ရွှေဝါရောင်လှုပ်ရှားမှုတွင်လည်း ဒေါ်နော်အုန်းလှ တို့နှင့်အတူ တစိုက်မတ်မတ် လုပ်ဆောင်ခဲ့သည်။

၂၀၀၆ ခုနှစ် အာဇာနည်ကုန်းတွင်အလေးပြုရန် သွားကြသော်လည်း လမ်းတဝက်မှာပင် ကားပေါ်တင်ပြီး ဗဟန်းမြို့နယ်ရှိ ပန်းဝါခန်းမတွင် ပထမအကြိမ်အဖြစ် တစ်နေကုန် ထိန်းသိမ်းခြင်းခံခဲ့ရသည်။ ဒုတိယအကြိမ်အဖြစ် အင်္ဂါနေ့ဆုတောင်းပွဲအပြီး အင်းစိန်ထောင်တွင် ဒေါ်အောင်ဆန်းစုကြည်အား ရုံးထုတ်မည်ဆိုသဖြင့် ဝန်းရံရန်အတွက် ရွှေတိဂုံဘုရားမှအဆင်း စုစုပေါင်း ၂၇ ဦးအား ဖမ်းဆီးပြီး မရမ်းကုန်းရဲစခန်းတွင် တစ်နေကုန်ချုပ်ထားပြီးမှ ညပိုင်းတွင် ပြန်လွှတ်ပေးခဲ့သည်။

၂၀၀၈ အခြေခံဥပဒေအား မဲမထည့်ရန် လိုက်လံပြီး လူထုအားရှင်းပြခဲ့သောကြောင့် တတိယအကြိမ်အဖြစ် ၂၀၀၈ အခြေခံဥပဒေ ထောက်ခံပွဲမတိုင်မီ (၅) ရက်ကြာ ဖမ်းဆီးခံခဲ့ရသည်။ ထောက်ခံပွဲပြီးမှ ပြန်လည်လွှတ်ပေးခဲ့သည်။ ၂၀၁၂ ခုနှစ်တွင် လက်ပတောင်းတောင်အရေးအတွက် ရန်ကုန်တွင်ဆန္ဒပြရာ စတုတ္ထအကြိမ် ဖမ်းဆီးထိန်းသိမ်းခြင်းကို ခံခဲ့ရသည်။ အင်းစိန်အကျဉ်းထောင်တွင် ၂ ပတ်ခန့်နေခဲ့ရပြီး ..... ပုဒ်မများဖြင့် ပန်းပဲတန်းနှင့် ကျောက်တံတားတရားရုံးများမှာ အာမခံနှင့်ပင် တစ်နှစ်ခွဲခန့် တရားရင်ဆိုင် ခဲ့ရသည်။ ဦးသိန်းစိန်၏ လွတ်ငြိမ်းချမ်းသာခွင့်ဖြင့် လွတ်မြောက်ခဲ့ရသည်။ ၂၀၁၂ တွင် ရွေးကောက်ပွဲမဝင်ရန် ကန့်ကွက်ကြောင်း ပြည်သူများထံမှ လက်မှတ်ထိုးပြီး ကန့်ကွက်စာတင်ခဲ့သည်။ ထို့နောက် ၂၀၀၈ ဖွဲ့စည်းပုံဥပဒေကို မကြိုက်နှစ်သက်ခြင်းကြောင့် ပါတီမှ နုတ်ထွက်ခဲ့သည်။ ထို့နောက် နိုင်ငံရေး အကျဉ်းသားဟောင်း(အမျိုးသမီး) ၁၁ ဦးဖြင့် ဒီမိုကရေစီနှင့် ငြိမ်းချမ်းရေး အမျိုးသမီးကွန်ရက် ကိုစတင်ဖွဲ့စည်းကာ အကြမ်းဖက်ခံရသော အမျိုးသမီးအရေး၊ လယ်သိမ်းခံတောင်သူလယ်သမားအရေး တို့ကိုယနေ့ထိတိုင် စွမ်းစွမ်းတမံဆောင်ရွက်ခဲ့သည်။

## အကျဉ်းထောင်တွင်းအတွေ့အကြုံကိုတော့ အခုလို ပြောပြပါတယ်...

*“ညစာမစားရသေးတဲ့ ကျွန်မတို့ကို ညစာလာပေးတာ ထမင်းကကြမ်းပြီး နပ်လည်းမနပ်ပဲ စားလို့မရ လောက်အောင် မာတင်းနေပေမယ့်လည်း ဗိုက်ဆာလွန်းလို့ မဖြစ်မနေ ညက်ညက်ဝါးပြီး စားသောက်လိုက်ရပါသည်။ နောက်နေ့တွင် အစာအိမ်ရောင်လာကာ ထမင်းမစားနိုင်သည့်အထိ ဖြစ်ခဲ့ရသည်။... ရေလည်းမချိုးရ၊ ဆီးချုပ် ဝမ်းချုပ်ပါ ဖြစ်လာ..”*

## နိုင်ငံရေးအတွေ့အကြုံနဲ့ သူမခံစားချက်ကနေ ပေါက်ဖွားလာတဲ့ ယုံကြည်ချက်ကတော့ ....

*“ဝမ်းနည်းရခြင်းက ပြည်သူများအတွက် အမှန်တရားကို ရှာဖွေပေးနေသည်ကို အာဏာပိုင်များက မလိုလားသည့်အတွက် ထောင်သွင်းအကျဉ်းချထားသည့်အတွက် နာကြည်းမှုတွေ၊ စိတ်နှလုံးညှိုးနွမ်းမှုတွေ၊ ခံပြင်းမှုတွေ ကြောင့်မို့လို့ အင်းစိန်ထောင်မှ ထွက်လာပြီးနောက်ပိုင်း နိုင်ငံရေးကို မလုပ်မဖြစ် လုပ်ရမယ်..”*

## အကြမ်းဖက်ခံရမှုက လွတ်မြောက်ခြင်းမရှိသေးကြောင်းကိုတော့ အခုလိုပြောပြပါတယ် ....

*“ယခုအချိန်ထိ ဒီမိုကရေစီအစိုးရ တက်လာပေမယ့်လည်း အကြမ်းဖက်မှုကနေ လွတ်မြောက်ခြင်း မရှိသေးဘူး။ ကျွန်မရဲ့ မိသားစုကို အာဏာပိုင်တွေက အမြဲစောင့်ကြည့်ပြီးတော့မှ နိုင်ငံရေးကို နောက်ထပ်မလုပ်နိုင်အောင် အမျိုးမျိုးအဘက်ဘက်ကနေ စောင့်ကြည့်နေတဲ့အတွက် မလွတ်လပ်ဘူး လို့ခံစားနေရတဲ့အတွက်”*

■



# ဒေါ်သန်းအေး

သာယာဝတီထောင် (၂၀၁၅)

“

ကျောင်းသားတွေကို ရိုက်တဲ့အခါမှာ ကျွန်မတို့က လှည့်ကြည့်မိတော့
ကျွန်မတို့ရဲ့ ဇက်ပိုးကိုရိုက်တယ်။ ခါးတွေကိုကန်တယ်။ ရိုက်တဲ့အခါမှာ
ခွပ်ဒေါင်းလေးတွေ ဖမ်းထားတယ်။ ခွပ်ဒေါင်းလေးတွေ ကြော်စားမယ်ပြောတယ်။

”

> “ကျွန်မတို့ကို သာယာဝတီထောင်ကို ခေါ်သွားတယ်။... လမ်းတစ်ဝက်ကျတော့ ကားကပြန်လှည့်တော့ ... အုံ့ကျောင်းထဲ ပြန်ရောက်တဲ့အခါမှာ မိန်းကလေးတွေရဲ့ကားပေါ် ယောကျ်ားလေးတွေပါ ထပ်တင်တယ်။ တက်လာတဲ့ကျောင်းသားတွေမှာလည်း အကွဲအပြဲ သွေးတွေချည်းပဲ။”

ဒေါ်သန်းအေး သည် ပခုက္ကူဇာတိဖြစ်ပြီး တောင်ဒဂုံ (၁၀၄) ရပ်ကွက်တွင် နေထိုင်ပါသည်။ အမျိုးသားဒီမိုက ရေစီအဖွဲ့ ချုပ် အဖွဲ့ဝင်တယောက် ဖြစ်သည်။

၁၉၉၀ ရွေးကောက်ပွဲမှစပြီး ပခုက္ကူတွင် NLD ပါတီ ဖွဲ့စည်းသောအခါ အဖွဲ့ဝင်အနေနှင့် ပါဝင်ခဲ့ပြီး ရပ်ကျေးများ၌ မဲဆွယ်စည်းရုံးရေးများ လုပ်ဆောင်ခဲ့သည်။ ၁၉၉၆ တွင် ရန်ကုန်သို့ မိသားစုလိုက်ပြောင်း ရွှေ့နေထိုင်ခဲ့ပါသည်။ (၁၀-၃-၂၀၁၅) ခုနှစ်မှာ အမျိုးသားပညာရေး ကျောင်းသားဆန္ဒပြပွဲ၌ ကျောင်းသားတွေကို သွားရောက်ဝန်းရံခဲ့ခြင်းကြောင့် ၄ လကျော်ကြာ သာယာဝတီအကျဉ်းထောင်မှာ ဖမ်းဆီးထိန်းသိမ်းခံရပြီး ပုဒ်မ ၃၃၂၊ ၁၈၊ ၁၄၅။ ၁၄၇။ ၅၀၅(ဃ) တို့ဖြင့် တရားစွဲဆိုခံရသည်။ တစ်နှစ်ကျော်ကြာ အမှုရင်ဆိုင်ရင်း ၂၀၁၆ မှာ အမှုမှ အပြီးတိုင်လွတ်မြောက်ခဲ့သည်။ ယခုအခါ တာဝန်များကို ထမ်းဆောင်ရင်း အမှန်တရားနှင့် တရားမျှတမှုအတွက် ရပ်တည်ဆောင်ရွက်နေပါသည်။

**လက်ပတန်းကျောင်းသားအရေးအခင်းမှာ ကျောင်းသားပြည်သူတို့ အကြမ်းဖက်ခံရပုံကို အခုလိုပြောပြပါတယ် …**

“အိမ်သာထဲမှာ လူတွေရှိလား။ ကျောင်းရဲ့အခန်းတံခါးတွေ အကုန်လုပ်ပေး။ မလုပ်ပေးရင် ရိုက်ချိုးပစ်မယ် ဘာညာပေါ့။ ကျွန်မတို့က ကောင်းကောင်းမွန်မွန်ဖမ်းအဖမ်းခံမယ်။... ကျွန်မတို့ အေးအေးဆေးဆေး အဖမ်းခံမယ်။ လက်ထိတ်ခတ်တာ တွေမလုပ်နဲ့။... ကျွန်မတို့ကို လက်ထိတ်သံကြိုး မဟုတ်ဘဲ ပိုက်ကြိုးတွေနဲ့ချည်ပြီး ထိုင်ခိုင်းတယ်။ အောင်မြေဗိမာန်ကျောင်းရှေ့မှာ ထိုင်ခိုင်းတယ်ပေါ့။ ကျောင်းသားတွေကို ရိုက်တဲ့အခါမှာ ကျွန်မတို့က လှည့်ကြည့်မိတော့ ကျွန်မတို့ရဲ့ ဖက်ပိုးကိုရိုက်တယ်။ ခါးတွေကို ကန်တယ်။ ရိုက်တဲ့အခါမှာ ခွပ်ဒေါင်းလေးတွေဖမ်းထားတယ်။ ခွပ်ဒေါင်းလေးတွေ ကြော်စားမယ်ပြောတယ်။ အဲ့လိုဖမ်းဖမ်းပြီးတော့ ကျွန်မတို့ကို သာယာဝတီထောင်ကို ခေါ်သွားတယ်။... လမ်းတစ်ဝက်ကျတော့ ကားကပြန်လှည့်တော့ … အဲ့ကျောင်းထဲပြန်ရောက်တဲ့အခါမှာ မိန်းကလေးတွေရဲ့ကားပေါ် ယောကျ်ားလေးတွေပါ ထပ်တင်တယ်။ တက်လာတဲ့ ကျောင်းသားတွေမှာလည်း အကွဲအပြဲ သွေးတွေချည်းပဲ။ ကလေးတွေက ရေဆာလို့ ရေတောင်းတယ်။ ရေတောင်းတဲ့အခါမှာ အဲ့ရဲတွေကရေမပေးဘဲ ရေနဲ့ သံဆန်ခါကြားထဲကို လှမ်းလှမ်းပြီး ပက်တယ်။ တစ်လမ်းလုံးမှာလည်း ကျွန်မတို့ရဲ့ ကျောင်းသားခေါင်းဆောင်ကြီး မဖြိုးဖြိုးအောင် လေးကို ပိုပြီးတော့ ပြောဆိုကြတယ်။ ပိုးဆိုးပက်စက်တွေပြောတယ်။”

■



# ဒေါ်အေးချမ်း (DPW)

## အင်းစိန်အကျဉ်းထောင် (၂၀၀၅- ၂၀၁၁) ပုဒ်မ ၁၇/၁၊ ၁၃/၁

ဒေါ်အေးချမ်း သည် မူလတန်းပညာကို သထုံမြို့၊ နောင်ဘို ကသဖ ကျေးရွာမှာ သင်ယူခဲ့ပါသည်။ အလယ်တန်း နှင့် အထက်တန်းပညာကို အ.ထ.က(ကျိုက်ကော်) မှ အောင်မြင်ခဲ့ပါသည်။ သမိုင်းဘာသာရပ် အဓိကဖြင့် အဝေးသင်တက်ရောက်ကာ ဘွဲ့ရရှိခဲ့ပါသည်။ အဝေးသင် ဒုတိယနှစ်မှာ ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ် ဒေါ်လန်းအလယ်ရွာ အ.မ.က ကျောင်း၌ မူလတန်းပြဆရာမအဖြစ် ၁၉၈၆ မှ ၁၉၈၈ အထိ တာဝန်ထမ်းဆောင်ခဲ့ပါသည်။ ၁၉၉၁ မှာ ရန်ကုန်သို့ပြောင်းလာပြီးနောက် ထန်းတစ်ပင်မြို့နယ်၊ ကုန်းတလိကျေးရွာ အ.မ.က ကျောင်းတွင် မူလတန်းပြဆရာမအဖြစ် ဆက်လက် တာဝန်ထမ်းဆောင်ခဲ့ပါသည်။

**သူမရဲ့ကျောင်းဆရာမဘဝ အခက်အခဲကို အခုလို ပြောပြပါတယ် ....**

``၁၉၈၇ မှာ အစိုးရက ငွေစက္ကူ ၃၅ ကျပ်တန်၊ ၂၅ ကျပ်တန်တွေ သိမ်းတော့ ထုတ်ထားတဲ့ လစာလေးပါသွား ပြန်ရော။ တနယ်တကျေးမှာ တာဝန်ထမ်းဆောင်စဉ် လစာတွေအသိမ်းခံရတယ် ဆိုတော့ အဲ့ဒီလအရမ်းဒုက္ခရောက်ပါတယ်။ အခက်ခဲတွေကြားက အဲ့လို ဖြတ်သန်းလာခဲ့ရပါတယ်''

ဒေါ်အေးချမ်း သည် ၂၀၀၃ ခုနှစ်တွင် ထိုင်းနိုင်ငံ၊ မဲဆောက်မြို့၌ ဝန်ထမ်းများလစာတိုးရေး၊ အလုပ်သမားရေး၊ လယ်သမားရေးတို့နှင့် ပတ်သက်ပြီး ILO နှင့် သွားရောက်တွေ့ဆုံခဲ့ပါသည်။ အဲဒီသင်တန်းနဲ့ ပတ်သက်ပြီး ၂၀၀၅ ခုနှစ် ဇူလိုင်လ ၅ ရက်နေ့တွင် အဖမ်းခံခဲ့ရပါသည်။ စစ်ကြောရေးကာလ ၁၆ ရက်တိုင်တိုင် မေးမြန်းခံခဲ့ရသည်။ ထို့အပြင် သတင်းစာရှင်းလင်းပွဲတွင် ပုံးဖောက်ခွဲမှုနှင့် တွဲဖက်ဖော်ပြခြင်းခံခဲ့ရသည်။ သို့သော် တရားစွဲဆိုရာတွင် ထိုင်းနိုင်ငံသို့သွားရောက်ပြီး ILO နဲ့ တွေ့ဆုံခဲ့မှုကြောင့် ပုဒ်မ ၁၇/၁၊ ၁၃/၁ တို့ ဖြင့် ထောင် (၈)နှစ် ပြစ်ဒဏ် ကျခံခဲ့ရသည်။ အင်းစိန်အကျဉ်းထောင်တွင် ၆ နှစ်နှင့် ၄ လ နေထိုင်ခဲ့ရပြီး ၁၂-၁၀-၂၀၁၁ ခုနှစ်တွင် ပြန်လည်လွတ် မြောက်ခဲ့ပါသည်။

**သူမ မတရားစွတ်စွဲခံရတဲ့ကိစ္စနဲ့ပတ်သက်လို့ ပြောပြလာတာက ...**

``၂၀၀၅ ခုနှစ် ရန်ကုန်က စင်တာ(၃)ခု ပုံးဖောက်ခွဲခံရတဲ့ကိစ္စမှာ တရားခံကို မဖမ်းဆီးနိုင်တဲ့အခါ ကျွန်မတို့ကို ပုံးဖောက်ခွဲသယောင် နိုင်ငံပိုင်သတင်းစာတွေမှာ ဓာတ်ပုံနှင့်တကွ ဖော်ပြခံခဲ့ရတယ်။ ပြည်ထဲရေးရဲ့ အဲ့ဒီလုပ်ရပ်ဟာ ဂုဏ်ကျက်သရေပျက်အောင် ယုတ်မာတဲ့ လုပ်ရပ်ဖြစ်တယ်။ ယနေ့ထိ တရားမျှတမှုမရှိဘူးဆိုတာ ခံစားရတယ်။''

**ထောင်တွင်းအတွေ့အကြုံကို သူမက ဒီလိုပြောပြပါတယ် ......**

``ထောင်ထဲမှာ ဖိနှိပ်မှုတွေ၊ အတိုက်အခံတွေ အများကြီးကြုံတွေ့ခဲ့ရတယ်။ ကျွန်မထောင်ကျတဲ့အချိန် ထောင်ထဲရှိစဉ် အမေဆုံးတယ်။ ထောင်ထဲမှာလည်း ထောင်ဝန်ထမ်း၊ ဆေးရုံဝန်ထမ်းတွေရဲ့ အဂတိလိုက်စားမှုကြောင့် လူနာတွေကောင်းမွန်စွာ ဆေးကုသမှုမရဘူး။ မသေသင့်ဘဲ သေကြရတာတွေ အများကြီးရှိတယ်။ အဲ့ဒီသေတဲ့အထဲမှာ ရွှေဝါရောင်တော်လှန်ရေးမှာ ထောင်ကျလာတဲ့ သီတာထွေး (သို့) တင်တင်ထွေး လည်းပါတယ်။ သူသေကာနီး အချိန်အခါကျမှ ဆေးပုလင်းကြီးတွေ ဟန်ဆောင်ပန်ဆောင် ချိတ်တယ်။ အဲ့တော့ ကျွန်မလည်း ဆေးရုံရှေ့ အော်ဟစ်သောင်းကျန်းပြီး ဆန္ဒပြတယ်။ ထောင်ထဲမှာ ကျွန်မတို့ အားတင်းရုံးကန်ရင်း (၂၀၁၁)မှာ ထောင်ကလွတ်လာပါတယ်။''

ဒေါ်အေးချမ်းဟာ အမှန်တရား၊ တရားမျှတမှုတို့အတွက် အုတ်တစ်ချပ်သဲတစ်ပွင့် ဆောင်ရွက်လုပ်ကိုင်ခဲ့သူဖြစ်ပါသည်။ ယခုအခါ ဒီမိုကရေစီနှင့် ငြိမ်းချမ်းရေး အမျိုးသမီးအဖွဲ့နှင့် ပူးပေါင်းကာ မြေသိမ်းခံ တောင်သူလယ်သမားများအရေး လူ့အခွင့်အရေးချိုး ဖောက်ခံနေရသော တိုင်းရင်းသားပြည်သူလူထုများအရေးတို့ကို ဆက်လက် တာဝန်ထမ်းဆောင်နေဆဲ ဖြစ်ပါသည်။

စကားသံ

``အမှန်တရားနှင့် တရားမျှတမှုအတွက် အစိုးရမှ ဥပဒေများ စနစ်တကျ သတ်မှတ်ပြဋ္ဌာန်းပြီး ဘက်မလိုက်ဘဲ ထိထိရောက် ရောက် အရေးယူရန် လိုအပ်ပါသည်။''

``လူ့အခွင့်အရေး ချိုးဖောက်သူများအား တရားဥပဒေအရ အပြစ်ပေးအရေးယူခြင်းမှ ကင်းလွတ်နေသည့် အစဉ်အလာသည် လူ့အခွင့်အရေးကို ပိုမိုချိုးဖောက်ရန်နှင့် အရေးပေးသကဲ့သို့ဖြစ်ပြီး မည်သည့်အခါမျှ ရင်ကြားစေ့၍ ရမည်မဟုတ်သဖြင့် မျှော်မှန်းသောငြိမ်းချမ်းရေးလည်း မရနိုင်ပါ''

■



# ဒေါ်ခင်နှင်းရည်

**အင်းစိန်အကျဉ်းထောင် (၁၁.၇.၁၉၈၉ - ၁၄.၂. ၁၉၉၇) ၁၇/၁ - ၅/ည**

ဒေါ်ခင်နှင်းရည် သည် ၁၉၆၂ ခုနှစ် ဇွန်လ ၁၆ ရက်နေ့၌ ပဲခူးတိုင်း၊ ဇီးကုန်းမြို့တွင် မွေးဖွားခဲ့သူ ဖြစ်ပါသည်။ သူမ၏ မိဘများမှာလည်း နိုင်ငံရေး အကျဉ်းသားဟောင်းများဖြစ်ကြသော ဗိုလ်စက်ရောင်(ဝါ)ဗိုလ်ခင်မောင် နှင့် ဒေါ်ခင်ရီ တို့ဖြစ်ကြပါသည်။ ၁၉၈၇ ကာလတွင် ဒေါ်ခင်နှင်းရည်သည် လုပ်သားကောလိပ် တတိယနှစ် ကျောင်းသူလည်း ဖြစ်သလို သမီး ၂ ယောက်၏ မိခင်လည်း ဖြစ်ပါသည်။ ၁၉၈၇ မှာ ငွေစက္ကူတွေကို အစိုးရမှ ငွေကြေးခဝါချသည့်အနေနှင့် သိမ်းခဲ့သောကြောင့် သူမမှာ ကလေး ၂ ယောက်နှင့် အတော်ကြီး ဒုက္ခရောက်ခဲ့ရပါသည်။ ကိုယ်တိုင်ခံစားချက်တွေက

# လူ့အသက်ကို ကယ်တင်ရပါတယ် ဆိုတဲ့ ထောင်ဆရာဝန်တယောက်က ပေးတဲ့ဆေးက ကျွန်မအာမေရောဂါကို မသက်သာစေဘဲ ပိုပြီးဆိုးရွားလာစေတဲ့အတွက် ကျွန်မအမေဟာ အနူရောဂါသည်လို ဖြစ်လာပါတယ်။

သူမအားနိုင်ငံရေးထဲ ပိုပြီးနစ်ဝင်လာစေခဲ့ပါသည်။ ဒေါ်ခင်နှင်းရည် သည် တက္ကသိုလ်ကျောင်းသားအနေဖြင့် ဗကသ ထဲမှာပါဝင်ခဲ့ပြီး ဗကသ နှင့် အခြားအဖွဲ့အစည်းများကို ချိတ်ဆက်ပေးရသည့်တာဝန်ကို ယူခဲ့သူ ဖြစ်သည်။ ၁၉၈၈ စက်တင်ဘာ ၁၉ ရက်နေ့အထိ သူမသည် လသာကျောင်းထဲတွင် အသက်မသေဘဲကျန်ခဲ့သူဖြစ်ပါသည်။

၁၉၈၉ ဇူလိုင်လ ၁၁ ရက်နေ့၌ ဗကပ ကို အားပေးကူညီမှုဖြင့် သူမတို့၏ခေါင်းဆောင်နှင့်တကွ တစ်ဖွဲ့လုံး (၁၀၇ ဦး) အဖမ်းခံခဲ့ရပါသည်။ ဒေါ်ခင်နှင်းရည်၏ မိသားစုဝင် ၃ ဦးပါဝင်ပါသည်။ သူမက ထောင်(၁၀)နှစ်ကျခံခဲ့ရပြီး သူမ၏ အဖေ နှင့် အမေမှာ (၅)နှစ်စီ ပြစ်ဒဏ်ပေးခံခဲ့ရပါသည်။ ၁၉၉၀ ခုနှစ် မတ်လတွင် ဖခင်ဖြစ်သူမှာ ထောင်ထဲရောက်ပြီး ၄ လအကြာ ဆုံးပါးခဲ့သည်။ ဒေါ်ခင်နှင်းရည် သည် အကျဉ်းထောင်ထဲတွင် ၈ နှစ်၊ သူမ၏ မိခင်သည် ၃ နှစ်ခွဲ နေထိုင်ခဲ့ကြရပါသည်။ ဒေါ်ခင်နှင်းရည် ငါးတန်းကျောင်းသူဘဝတွင် သူမ၏ဖခင်အား မဆလအစိုးရမှ ၃ နှစ်ကြာ(၁၉၇၂-၁၉၇၅)ဖမ်းဆီးခြင်းကိုလည်း ခံခဲ့ရပါသည်။ ထိုကာလအတွင်း မိခင်ပိုင်ဆန်စက်ကိုလည်း ပိတ်သိမ်းခဲ့သည်။ လူမှုစီးပွားရေးကို ရည်ရွယ်ချက်ရှိရှိ အညှိုးကြီးကြီးဖြင့် ဖိနှိပ်ခြင်းကိုခံခဲ့ရပါသည်။

**အကျဉ်းထောင်တွင်းကအခြေအနေကိုတော့ အခုလိုပြောပြပါတယ် ...**

''အပြေးအလွှားလမ်းလျှောက်ခဲ့ရသည်။ ထိုအချိန်က ထောင်မှရေကို (၅)ခွက် သာချိုးစေခြင်း၊ နာရီဝက်သာ ရေချိုးချခြင်း စသည်တို့ဖြင့် နည်းမျိုးစုံနှိပ်ကွပ်ခဲ့ကြသည်။''

''အညစ်အကြေးစွန့်ရတာကို လူလိုသူလို မစွန့်ရတဲ့အခါ ကျွန်မအဖေက ဆီးချုပ်၊ ဝမ်းချုပ်လိုက်ပြီး Heart Attack နဲ့ သေဆုံးသွားခဲ့ပါတယ်။''

''ကျွန်မအမေက ကြမ်းပိုးတွေအများကြီးရှိတဲ့ ကွပ်ပျစ်ပေါ်မှာ အိပ်ရင်းနဲ့ အဲဒီကနေ ကူးစက်ရောဂါဖြစ်ပြီး တကိုယ်လုံးအနာတွေပေါက်ပါတယ်။ အဲလိုအနာတွေပေါက်တော့ ကျွန်မအမေ၌ ကတုံးတုံးပြီး အနာဗရပွနဲ့နေရပါတယ်...... လူကောင်းတစ်ယောက်ဖြစ်ပြီး ရုတ်တရက် ကြမ်းပိုးကိုက်လို့ဒဏ်ရာသေးသေးလေးကနေ တဖြည်းဖြည်း အနာတွေပွလာတယ်။ လူ့အသက်ကို ကယ်တင်ရပါတယ် ဆိုတဲ့ ထောင်ဆရာဝန်တယောက်က ပေးတဲ့ဆေးက ကျွန်မအမေရောဂါကို မသက်သာစေဘဲ ပိုပြီးဆိုးရွားလာစေတဲ့အတွက် ကျွန်မအမေဟာ အနူရောဂါသည်လို ဖြစ်လာပါတယ်။''

**ပြန်လည်ကုစားရေးရရှိပိုင်ခွင့်နဲ့ပတ်သက်လို့ ပြောလာတာက ....**

''ဘယ်လိုမှမရနိုင်သော မည်သည့်ဘက်ကမှ ဖြည့်ဆီး ပေးမှု၊ ပံ့ပိုးပေးမှုမရပါ။ မည်သူကမျှ အသိမှတ်ပြုမှု မရသေးပါ။''

''ဒီမိုကရေစီခေတ်ကို သွားနေသော်လည်း ဒီမိုကရေစီရဲ့ အနှစ်သာရ၊ မတရားသင်းများကို ဖျက်သိမ်းလိုက်တယ်ဆိုတဲ့ အခွင့်ရေးမပေးသေးသောကြောင့်၊ ကျွန်မတို့ဟာ သူပုန်ဖြစ်နေရတယ်.... ဆွေမျိုးသားချင်းများထဲတွင်တောင်မှ မိမိတို့ မိသားစုကို သူပုန်ဟုသတ်မှတ်ထားခြင်းသည် ဘယ်တော့မှ ပြန်လည်ခြေဖျက်မရသေးသည့် ခံစားချက် ... ကျွန်မတို့ကို သူပုန်ဆိုတာကို မချေဖျက်ပေးနိုင်သရွေ့ ကျမတို့ ပြန်လည်ကုစားလို့မရပါဘူး။''

**အကြမ်းဖက်မှုမှလွတ်မြောက်ခြင်းမရှိသည်ကိုတော့ အခုလိုပြောပြပါတယ် .....**

''ကျွန်မတို့ကတော့ ထောင်ကထွက်ကတည်းက စောင့်ကြည့်ခံရတယ်၊ အသက် ၇၀ ကျော်၊ ကျန်းမာရေးကို အသက်လုပြီး စောင့်ရှောက်နေရသော အမေအိုကြီးအား အမြဲစောင့်ကြည့်နေခြင်းကို အကြမ်းဖက်တယ်လို့ခံစားရတယ်။''

''ကျွန်မ အိမ်ထောင်ကျပြီးမှ ကျွန်မတို့ ခေါင်းဆောင်နှင့် ကျွန်မကို ယိုးစွပ်ပြီး ကျွန်မရဲ့ အိမ်ထောင်ရေးကို ပျက်စီးရာ ပျက်စီးကြောင်း အကြမ်း ဖက်ပါတယ်။''



# ဒေါ်ခင်သန္တာထွန်း (မဖြူ)

မြင်းခြံတောင် ( ၂၀၁၅-၂၀၁၆)

ပုဒ်မ ၅၀၅(ခ)၊ ၁၄၃၊ ၁၄၇၊ ၁၄၅

မဖြူ သည် မြင်းခြံမြို့ဇာတိဖြစ်သည်။ သူမသည် ၈၈ အရေးတော်ပုံတွင် မြင်းခြံမြို့နယ်သပိတ်၌ ပါဝင်လှုပ်ရှားခဲ့သည်။ ထို့နောက် ကျောင်းသား သမဂ္ဂအဖွဲ့ဖွဲ့သည့်အချိန်တွင် အခြားတဦးနှင့်အတူ သတင်းပြန်ကြားရေး၌ တာဝန်ထမ်းဆောင်ခဲ့သူဖြစ်သည်။

စစ်အာဏာသိမ်းပြီးနောက် ကျောင်းသားသမဂ္ဂအဖွဲ့ ပျက်သွား၍ NLD ပါတီမှာ အောင်နိုင်ရေးအတွက် လိုက်ပါဆောင်ရွက်ခဲ့သူ ဖြစ်သည်။ သူမ၏ ဖခင်မှာလည်း နိုင်ငံရေးအကျဉ်းသားဟောင်း တဦးဖြစ်ခဲ့ပါသည်။

မဖြူသည် ၂၀၁၅ ခုနှစ် မတ်လ ၁၀ ရက်နေ့၌ ဝန်းရံပြည်သူအနေဖြင့် လူငယ်များနှင့်အတူ မတ်လ ၁၀ ရက် ၁၀ နာရီ၌ မြင်းခြံမြို့တွင်း လှည့်လည်ဆန္ဒပြရာတွင် ပါဝင်ခဲ့သည်။ ထို့အပြင် မတ်လ ၂၇ ရက်နေ့ လက်ပတန်းကျောင်းသားအရေးအခင်းတွင် ဖမ်းဆီးခံရသော ကျောင်းသားများနှင့် ဝန်းရံပြည်သူများ လွတ်မြောက်ရေးအတွက် တောင်းဆိုဆန္ဒပြရာ ကေဒါလက်ဖက်ရည်ဆိုင်ရှေ့တွင် မဖြူအပါအဝင် စုစုပေါင်း ၆ ဦးဖမ်းဆီးခံခဲ့ရသည်။ ပုဒ်မ ၅၀၅(ခ)၊ ၁၄၃၊ ၁၄၇၊ ၁၄၅၊ တို့ဖြင့် ပြစ်ဒဏ် ၉ လ ချမှတ်ခံရပြီး ၂၀၁၆ ခုနှစ် ဇန္နဝါရီလ ၂၈ ရက်နေ့တွင် ပြန်လည်လွတ်မြောက်ခဲ့သည်။ ပြစ်ဒဏ်က ၉ လ ဆိုသော်လည်း တကယ်တမ်းက ထောင်ထဲမှာ ၁၀ လ နဲ့ ၂ ရက် နေခဲ့ရသည်။ တရားဥပဒေအရ ပြစ်ဒဏ်ထက်ပိုသော အကျဉ်းကျရက်များအတွက် နစ်နာသောပြည်သူများအား အစိုးရ အဆက်ဆက်က တာဝန်ယူဖြေရှင်းပေးခြင်းမျိုး မရှိသည်ကို တွေ့ရသည်။

ပုဒ်မ ၅၀၅(ခ)၊ ၁၄၃၊ ၁၄၇၊ ၁၄၅၊ တို့ဖြင့် ပြစ်ဒဏ် ၉ လ ချမှတ်ခံရပြီး ၂၀၁၆ ခုနှစ် ဇန္နဝါရီလ ၂၈ ရက်နေ့တွင် ပြန်လည်လွတ်မြောက်ခဲ့သည်။ ပြစ်ဒဏ်က ၉ လ ဆိုသော်လည်း တကယ်တမ်းက ထောင်ထဲမှာ ၁၀ လ နဲ့ ၂ ရက် နေခဲ့ရသည်။ တရားဥပဒေအရ ပြစ်ဒဏ်ထက်ပိုသော အကျဉ်းကျရက်များ အတွက် နစ်နာသောပြည်သူ များအား အစိုးရ အဆက်ဆက်က တာဝန်ယူ ဖြေရှင်းပေးခြင်းမျိုး မရှိသည်ကို တွေ့ရသည်။

**တရားရုံးအတွေ့အကြုံတွေကိုတော့ အခုလိုပြောပြပါတယ်**

"ကျွန်မတို့ကို ဘယ်လိုမှ ရဲစခန်းထဲက ထွက်ခွင့်မပေးဘူး။ ဘယ်သူနဲ့မှလည်း တွေ့ခွင့်မပေးဘဲနဲ့။ ...ဘာမှလည်း မစစ်ဘူး။ အထဲမှာပဲ တစ်နေကုန် အချိန်ကုန်နေတာ။ (၅)နာရီခွဲ (၆)နာရီလောက်ကျမှ ကျွန်မတို့ကို ကားနဲ့ခေါ်သွားပြီးတော့ ရမန်ယူပြီးတော့ ထောင်ကြီးချုပ်ထဲကို တန်းပို့လိုက်တာ။ .... ရုံးထုတ်ချိန်ကတော့ စစ်နေတာပဲ။.... ကျွန်မတို့ကိုတော့ မစစ်ဘူး။ သူတို့ဘာသာ သက်သေတွေခေါ်စစ်။ ဒါပေမဲ့ စစ်တဲ့သက်သေ တိုင်းကလည်း ကိုယ့်တုန်းကဖမ်းခဲ့သူ တစ်ယောက်မှမပါဘူး။ သူတို့ထည့်ချင်တဲ့ သက်သေတွေထည့်ပြီးတော့ သူတို့ အဲ့မှာ မတရားစစ်နေတဲ့ချိန် ...ကျွန်မတို့ ထောင်ထဲကနေ အချုပ်ကို ရင်ဆိုင်နေတယ်ပေါ့။"

■

## Asia Justice and Rights (AJAR)

AJAR is a non-profit organization, based in Jakarta, Indonesia, whose aim is to contribute to the strengthening of human rights and the alleviation of entrenched impunity in the Asia-Pacific region. Its work focuses on countries involved in transition from a context of mass human rights violations to democracy, where it strives to build cultures based on accountability, justice and a willingness to learn from the root causes of mass human rights violations to help prevent the recurrence of state-sanctioned human rights violations.

AJAR believe that the governments and civil society in Asia who recognize that combating impunity and building strong mechanisms to achieve accountability and respect for victims are essential foundations for peace and prosperity. In this context Asian countries will be recognized internationally as leading the way in courageously and honestly confronting past violations, using this process to construct new societies based on universal principles of human rights

AJAR's mission is to increase the capacity of local and national actors, particularly victim's organizations, in the fight against entrenched impunityç and contribute to building cultures based on accountability, justice and a willingness to learn from the root causes of mass human rights violations in Asia.

Ref: https://asia-ajar.org/who-we-are/

# ဝိမုတ္တိအမျိုးသမီးအဖွဲ့

ဝိမုတ္တိအမျိုးသမီးအဖွဲ့သည် ၂၀၀၈ ခုနှစ် မတိုင်မီကတည်းက ပညာဒါနနှင့် လူမှုဖွံ့ဖြိုးရေးလုပ်ငန်းများကို ကိုယ်ပိုင်ငွေကြေးများဖြင့် လုပ်ဆောင်ခဲ့ကြသည်။

၂၀၀၈ ခုနှစ် မေလ နာဂစ်မုန်တိုင်းဖြစ်ပေါ်ပြီး နောက် ယခု VWO board အဖွဲ့တွင် ပါဝင်သူအချို့က တစ်ဦးချင်းအနေဖြင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ရွာပေါင်းများစွာတွင် သွားရောက်လုပ်ကိုင်ခဲ့ပြီး အခြား ကူညီကယ်ဆယ်ရေးလုပ်ငန်းစဉ် များတွင် ပါဝင်ကူညီခဲ့သည်။ ထိုသို့ပါဝင်ကူညီခဲ့ရာမှ အဖွဲ့အစည်းတစ်ခု ထူထောင်ပြီး စနစ်တကျ လုပ်ဆောင်ရန် ဆုံးဖြတ်ခဲ့ကြသည်။ ဝိမုတ္တိ ဟူသည့်အမည်မှာ ပါဠိစကားလုံးဖြစ်ပြီး လူမှုဆင်းရဲဒုက္ခမှ လွတ်မြောက်ရန် ရည်သန်၍ ၎င်းအမည်ကို ပေးခဲ့ခြင်းဖြစ်သည်။

၂၀၀၉ ခုနှစ် မေလ ၈ ရက်နေ့မှစ၍ Wimutti Volunteer Group – (WVG) အဖြစ် စတင်ထူ ထောင်ခဲ့ပြီး ထူထောင်ချိန်တွင် Board Member ၅ ဦးဖြင့် စတင်ခဲ့သည်။ အမျိုးသမီးများနှင့် လူငယ်များအတွက် စွမ်းရည်မြှင့်တင်ခြင်းလုပ်ငန်းများကို ကိုယ်ထူကိုယ်ထလုပ်ဆောင်ခဲ့သည်။ ၂၀၁၄ ခုနှစ် ဩဂုတ်လအထိ လုပ်ဆောင် ခဲ့ပြီး အဆိုပါကာလများအတွင် ERSB-Earth Right School Burma အဖွဲ့ထံမှ Small Grant နှစ်ကြိမ်ရရှိခဲ့ပြီး ကျန်လှုပ်ရှားမှုများအားလုံးကို ကိုယ်ထူကိုယ်ထစနစ်ဖြင့်သာ လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။

ဝိမုတ္တိအမျိုးသမီးအဖွဲ့သည် အမျိုးသမီးများနှင့် လူငယ်များ၏ လူမှုအရင်းအမြစ်များကို မြှင့်တင်ခြင်းဖြင့် ဆင်းရဲဒုက္ခမှလွတ်မြောက်စေမည်ဟု ယုံကြည်သည်။ ထိုယုံကြည်ချက်နှင့်အညီ ရည်မှန်းချက် ၃ ရပ် ချမှတ်လုပ်ဆောင်နေသည်။

၁။ ဝိမုတ္တိအမျိုးသမီးအဖွဲ့သည် အမျိုးသမီးများနှင့် လူငယ်များ၏ စွမ်းဆောင်ရည် မြင့်မားလာစေပြီး ဒီမိုကရေစီအမူအကျင့်နှင့် ပြည့်စုံသည့် လူမှုအသိုင်းအဝိုင်းဖြစ်လာအောင် ဆောင်ရွက်မည်။

၂။ ဝိမုတ္တိအမျိုးသမီးအဖွဲ့သည် လူ့အခွင့်အရေးနှင့် အမျိုးသမီးအခွင့်အရေးများကို လူထုသိရှိအောင် ပညာပေးဆောင်ရွက်မည်။

၃။ ဝိမုတ္တိအမျိုးသမီးအဖွဲ့သည် နိုင်ငံရေးအကျဉ်းသူများနှင့် အကျဉ်းသားမိသားစုဝင်များ၏ လူမှုဘဝ ပြန်လည်ကုစားရေးဆိုင်ရာလုပ်ငန်းများကို လုပ်ဆောင်သွားမည်။

## အသွင်ကူးပြောင်းမှုဆိုင်ရာ တရားမျှတမှုဆိုသည်မှာ -

နေရာအနှံ့တွင် စနစ်တကျကျူးလွန်နေသည့် လူ့အခွင့်အရေးချိုးဖောက်မှုများကို ပြေလည်စေရန် ဆောင်ရွက်ချက်များပင်ဖြစ်သည်။ ထိုသို့လုပ်ဆောင်ခြင်းအားဖြင့် လူ့အခွင့်အရေးချိုးဖောက်ခံခဲ့ရသူများကို အသိအမှတ်ပြု မှုများရှိလာစေပြီး ငြိမ်းချမ်းရေး၊ ပြန်လည်သင့်မြတ်ရေးနှင့် ဒီမိုကရေစီ ဖော်ဆောင်ရေး တို့အတွက် အားပေးလှုံ့ဆော်မှုများဖြစ်ပေါ်လာစေသည်။ အသွင်ကူးပြောင်းမှုဆိုင်ရာ တရားမျှတမှုသည် ကျွန်ုပ်တို့သိပြီးဖြစ်သော တရားမျှတမှုကဲ့သို့ပင်ဖြစ်သည်။ လူ့အခွင့်အရေးချိုးဖောက်မှုများ နေရာအနှံ့တွင် ဖြစ်ပေါ်ပြီးနောက် အသွင်ကူးပြောင်းလာသော လူ့အဖွဲ့အစည်းများကို လိုက်လျောညီထွေ နေသားတကျ ဖြစ်စေသော တရားမျှတမှုပင်ဖြစ်သည်။

Ref: ICTJ




## ရည်ရွယ်ချက်

- အမှန်တရား (အမှုမှန်) ပေါ်ပေါက်ရေး (Truth Seeking)
- တရားမျှတမှုဖော်ဆောင်ရေး (Justice seeking)
- လူ့ဂုဏ်သိက္ခာ (Human Dignity)
- အပြစ်ပေးခံရခြင်းမှ ကင်းလွတ်ခွင့်ရနေသည့်ဓလေ့အား ဆန့်ကျင်တိုက်ဖျက်ရေး ( combat against impunity)

## အထူးဂရုပြုမိသည့် အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေး ကြေညာစာတမ်းပါ အချက်များ . . .

| | |
|---|---|
| အပိုဒ်(၁) | လူတိုင်း မွေးဖွားကတည်းက တူညီသော လူ့ဂုဏ်သိက္ခာနှင့် လူ့အခွင့်အရေးရှိသည်။ |
| အပိုဒ်(၃) | လူတိုင်း အသက်ရှင်ခွင့်၊ လုံခြုံခွင့်ရှိသည်။ |
| အပိုဒ်(၅) | မည်သူ့ကိုမှ မတရားနှိပ်စက်ခြင်း၊ လူမဆန်စွာ နှိပ်စက်ခြင်းမရှိစေရ။ |
| အပိုဒ်(၆) | လူတိုင်း တရားဥပဒေရှေ့တွင် လူသားကဲ့သို့ ဆက်ဆံခံရမည်။ |
| အပိုဒ်(၈) | အခွင့်အရေးချိုးဖောက်ခံရပါက ဥပဒေ အကူအညီယူခွင့် ရှိသည်။ |
| အပိုဒ်(၉) | မည်သူ့ကိုမှ ဥပဒေမဲ့ဖမ်းဆီးခြင်း၊ တိုင်းပြည်မှ နှင်ထုတ်ခြင်း မပြုရ။ |

| | |
|---|---|
| အပိုဒ်(၁၀) | လူတိုင်း မျှတသော တရားစီရင်မှုခံခွင့်ရှိသည်။ လူအများကြားနာနိုင်သော တရားရုံးဖြစ်ရမည်။ |
| အပိုဒ်(၁၉) | လူတိုင်း လွတ်လပ်စွာ ထင်မြင်ယူဆခွင့်၊ ထုတ်ဖော် ပြောဆိုခွင့်နှင့် သတင်းရယူခွင့်ရှိသည်။ |

## အထူးဂရုပြုမိသည့် စီဒေါစာချုပ်ပါအချက်များ . . .

| | |
|---|---|
| အပိုဒ်(၄) | အမျိုးသမီးများအတွက် ယာယီအထူးပြုလုပ်ချက်များကို လုပ်ဆောင်ပေးရန်။ |
| အပိုဒ်(၅) | လိင်ကွဲပြားမှုကိုအခြေခံသော ခွဲခြားမှုအမြင်များ၊ အစွဲများ ပပျောက်အောင် လုပ်ဆောင်ပေးရန်။ |
| အပိုဒ်(၇) | အမျိုးသမီးများအား မဲပေးခွင့်နှင့် အခြားဆုံးဖြတ်ချက်ချသည့် နေရာများတွင် ပါဝင်ခွင့်ပေးရန်။ |
| အပိုဒ်(၁၅) | အမျိုးသမီးများ တရားဥပဒေရှေ့မှောက်တွင် တန်းတူ ဖြစ်ခွင့်။ |

## အထူးဂရုပြုမိသည့် နိုင်ငံတကာ နိုင်ငံသားနှင့် နိုင်ငံရေးအခွင့်အရေးဆိုင်ရာ သဘောတူစာချုပ်ပါ အချက်များ . . .

| | |
|---|---|
| အပိုဒ်(၂) | နိုင်ငံနယ်နိမိတ်အတွင်းရှိ လူသားအားလုံး၏ ရပိုင်ခွင့်များကို မခွဲခြားဘဲ လေးစားရန်။ |
| အပိုဒ်(၃) | ယောကျ်ား၊ မိန်းမ မခွဲခြားဘဲ အခွင့်အရေးများကို တန်းတူခံစားပိုင်ခွင့်ရှိသည်။ |
| အပိုဒ်(၆) | လူတိုင်း အသက်ရှင်ရပ်တည်ပိုင်ခွင့်ရှိသည်။ |
| အပိုဒ်(၇) | မည်သူ့ကိုမျှ နှိပ်စက်ညှဉ်းပန်းခြင်း၊ လူမဆန်စွာဆက်ဆံခြင်း မရှိစေရ။ |
| အပိုဒ်(၉) | မည်သူ့ကိုမျှ မတရားဖမ်းဆီးခြင်းမပြုရ။ |
| အပိုဒ်(၁၀) | လွတ်လပ်ခွင့်တားဆီးခံရသူများကို လေးစားစွာဆက်ဆံရန်။ |
| အပိုဒ်(၁၄) | လူတိုင်း လူအများကြားနာသော တရားရုံးတွင်သာ စီရင်ပိုင်ခွင့်။ |
| အပိုဒ်(၁၆) | လူတိုင်း ဥပဒေရှေ့တွင် လူသားကဲ့သို့ ဆက်ဆံခံပိုင်ခွင့်ရှိသည်။ |
| အပိုဒ်(၁၉) | လူတိုင်း လွတ်လပ်စွာ ထင်မြင်ယူဆပိုင်ခွင့်နှင့် ထုတ်ဖော်ပြောဆိုခွင့်ရှိသည်။ |
| အပိုဒ်(၂၁) | လူတိုင်း ငြိမ်းချမ်းစွာ စုဝေးပိုင်ခွင့်ရှိသည်။ |

